# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 19 September 2018 ၄၄၁၄


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ် တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါး တည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိ တွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ ဆွေးနွေး**

**နေပြည်တော် စက်တင်ဘာ ၁၈**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ding Zhongli နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦး၊ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ding Zhongli အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**ယနေ့ သတင်းအညွှန်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလအတွင်း ဥပဒေကြမ်း ၁၀ ခု အတည်ပြုနိုင်ခဲ့

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၄

အမျိုးသားလွှတ်တော် ကျင်းပရက် ၁၉ ရက်အတွင်း ကြယ်ပွင့်ပြမေးခွန်း ၈၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၅၄ ခု မေးမြန်းခဲ့

အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

ကြားဖြတ်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီပေါင်း ၂၄ ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးနဲ့ တစ်သီးပုဂ္ဂလ အမည်စာရင်းတင်သွင်းတဲ့ ပုဂ္ဂိုလ်ခုနစ်ဦး စုစုပေါင်း ၆၉ ဦး တင်သွင်းတာကို တွေ့ရှိရပါတယ်

စာမျက်နှာ » ၉

ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ » ၁၁

# ကွမ်ကျိုး-မန္တလေး လေကြောင်းခရီးစဉ်သစ် အောက်တိုဘာ ၂ ရက်တွင် စတင်ပျံသန်းမည်

**မန္တလေး စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံ ကွမ်ကျိုးဒေသခံ ကျုံယွမ် 9 Air လေကြောင်းကုမ္ပဏီသည် လာမည့် အောက်တိုဘာ ၂ ရက်တွင် ကွမ်ကျိုး-မန္တလေး အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းခရီးစဉ်သစ်ကို တရားဝင်ဖွင့်လှစ်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ ပျံသန်းမှုသည် ကွမ်ကျိုးဒေသခံ လေကြောင်းကုမ္ပဏီအနေဖြင့် နိုင်ငံတကာဈေးကွက်သို့ ပထမဆုံးအကြိမ် ဝင်ရောက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ် ကွမ်ကျိုး Baiyun အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာနိုင်ငံ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကျုံယွမ် လေကြောင်းကုမ္ပဏီမှ ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်အသစ်ဖြင့် အပတ်စဉ်(အင်္ဂါ၊ ကြာသပတေး၊ စနေနေ့)များတွင် အသွားအပြန်တစ်ကြိမ်စီ ပျံသန်းမည်ဖြစ်ကာ ပျံသန်းချိန်မှာ ကွမ်ကျိုးမှ ဒေသစံတော်ချိန် ၁၂း၀၅ ထွက်ခွာပြီး မန္တလေးသို့ ၁၃း၄၀ နာရီတွင်ဆိုက်ရောက်ကာ မန္တလေးလေဆိပ်မှ ၁၄း၄၀ တွင်ထွက်ခွာပြီး ကွမ်ကျိုးသို့ ၁၈း၅၅ နာရီတွင် ဆိုက်ရောက်မည် ဖြစ်သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံစီးပွားရေး ကုန်သွယ်မှုလမ်းကြောင်းသစ်တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး နယ်ပယ်ပေါင်းစုံ ချိတ်ဆက်နိုင်ရေးနှင့် ခရီးသွားဧည့်သည်များအတွက်လည်း အကျိုးရှိစေမည်ဖြစ်သည်။ ကျုံယွမ် 9 Air လေကြောင်းလိုင်း၏ နိုင်ငံတကာခရီးစဉ် ပထမဆုံးပျံသန်းမည့်ခရီးစဉ်သည် ကျောက်စိမ်းထုတ်ကုန်အတွက် လူသိများသည့် မန္တလေးမြို့သို့ ပျံသန်းမည်ဖြစ်ရာ ကျောက်စိမ်းလေယာဉ်ခရီးစဉ်ဟု ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဂျီဂွမ်ဖျင်က အမည်ပေးခဲ့ကြောင်း သိရသည်။

၀၀၂




ဦးဘဂျမ်း ချည်ချောလုံချည်

UBG

၁၀၀% ချည်သားစစ်စစ်ဖြင့်အထူးယက်လုပ်ထားပါသည်။

ကျောင်း၊ ရုံး၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် တူညီပုဆိုးများအထူးအော်ဒါလက်ခံပါသည်။

မြန်မာတစ်နိုင်ငံလုံးသို့ထုတ်လုပ်ဖြန့်ချိရောင်းချပေးနေပါပြီ...။

(ပင်ရင်း) မင်္ဂလာဈေး၊သိမ်ကြီးဈေး၊ရန်ကုန်မြို့ ။၀၁-၂၀၅၀၁၃၊ ၀၁-၉၀၀၀၈၇၅၊ ၀၁-၈၆၁၉၄၇၅၊ ၀၉-၅၁၃၆၉၀၀။

ကြေးမုံ

# ဒေသအလိုက် အခွင့်အလမ်းများ ဖော်ဆောင်

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည်။ ပွင့်လင်းရာသီရောက်ပြီဆိုသည်နှင့် ခရီးသွားလုပ်ငန်းများလည်း ပြန်လည်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရေမြေသဘာဝ၊ ပတ်ဝန်းကျင်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တစ်နိုင်ငံလုံးတွင် ပေါများကြွယ်ဝလှသဖြင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသောနိုင်ငံဖြစ်သည်။

ခရီးသွားလုပ်ငန်းများမှာ လူအများအပန်းဖြေသွားလာ လည်ပတ်လေ့လာကြသော လုပ်ငန်းဖြစ်သော်လည်း ထိုလုပ်ငန်းများကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းနိုင်သည်ကို သတိမူကာ အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိသောကြောင့် မီးခိုးမထွက်သော စက်ရုံများဟု တင်စားခေါ်ဆိုကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ရာတွင် အရင်းအနှီးနည်းပါးပြီး ဒေသတွင်း ကိုယ်ပိုင်အရင်းအမြစ်များနှင့် ဖန်တီးလုပ်ဆောင်နိုင်သောလုပ်ငန်းမှာ ခရီးသွားလုပ်ငန်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အမျိုးသားခရီးသွားမူဝါဒခြောက်ရပ် ချမှတ်ပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ခရီးသွားမူဝါဒခြောက်ရပ်တွင် အဓိကအားဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းအသစ်များ ဖော်ထုတ်ရေးတို့ ပါရှိရာ ယင်းလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

လက်ရှိကာလတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားရေးတို့ကို အထူးလိုအပ်လျက်ရှိရာ ထိုလိုအပ်ချက်ကို ခရီးသွားလုပ်ငန်းတိုးတက်လာမှုအပေါ်မှ ရယူနိုင်ရန် အားထုတ်ကြရမည်ဖြစ်သည်။ ဒေသများအလိုက် ခရီးသွားလုပ်ငန်းအသစ်များကို ဖော်ထုတ်ခြင်း၊ မြှင့်တင်ခြင်းများကို ပြုလုပ်ကြရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းများ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ တိုက်ရိုက်အကျိုးပြုနိုင်ရေးတို့ကို ဆောင်ရွက်ပေးရန် လိုအပ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြင့်မားလာရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကို စက်တင်ဘာလ ၁၇ ရက်နေ့က ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ဥပဒေ၏ ရည်ရွယ်ချက်တွင် ခရီးသွားလုပ်ငန်းဆောင်ရွက်သူနှင့် ခရီးသည်တို့၏ အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် တာဝန်နှင့် ဝတ္တရားများ ပါရှိသည်။ ဝန်ဆောင်မှုနှင့် အရည်အသွေးအာမခံချက်များလည်း ပါရှိသည်။ အဓိကမှာ လူထုအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးဖြစ်၍ ဒေသအလိုက် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ထုတ်ပြန်ထားသော ခရီးသွားဥပဒေသည် အကျိုးရှိထိရောက်သော ဥပဒေဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ခရီးသွားအလားအလာကောင်းများ ရှိနေသော်လည်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံမှုအားနည်းချက်အချို့ကြောင့် ခရီးသွားလုပ်ငန်းအပေါ် ဂယက်ရိုက်စေသည်တို့ကို အထူးအလေးထား ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ ဒေသအလိုက် ဆက်စပ်စီးပွားရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဒေသခံများ၏ စီးပွားရေး အခွင့်အလမ်းများ၊ လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်သောကြောင့် အကျိုးရလဒ်များစွာရှိသော လုပ်ငန်းဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရုံသာမက နိုင်ငံ့စီးပွားရေးနှင့် ဒေသခံပြည်သူများ လူမှုဘဝမြင့်မားတိုးတက်ရေးကို ရှေးရှုဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၈ ခုနှစ် အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်နေ့မှ နတ်တော်လပြည့်ကျော် ၁၊ ၂ ရက် (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂၊ ၂၃၊ ၂၄) ရက်တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။ အဘိဓမ္မာ(ရိုးရိုး)အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကို ဖြစ်စေ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံး ဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့် တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက်ရေးဆွဲတင်ပြခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**



သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက်ရေးဆွဲတင်ပြခြင်း အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် သစ်တောဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ သဘာဝအမွေအနှစ်များဖြစ်သည့် ဂေဟစနစ်နှင့် ယင်းတို့မှာ ကျက်စားပေါက်ရောက်သည့် ဇီဝမျိုးစုံမျိုးကွဲများကို ထိရောက်သည့် စီမံအုပ်ချုပ်မှုများ ပြုလုပ်နိုင်ရန် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၉ ခုမှာ ရေးဆွဲနေသည့် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက်များကို တင်ပြဆွေးနွေး သုံးသပ်အကြံပြုသည့် အစည်းအဝေး ဖြစ်ပါကြောင်း။

သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဖွဲ့စည်းပြီး စီမံအုပ်ချုပ်ရာတွင် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအပြင် အနီးပတ်ဝန်းကျင်တွင်ရှိသည့် ဒေသခံပြည်သူများကို အထောက်အကူပြုရန် ရည်ရွယ်ခဲ့ပါကြောင်း။

ယနေ့ကာလ၌ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် လျော့နည်းသက်သာရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လိုအပ်သည့် ရေအရင်းအမြစ်များ ရေရှည်တည်တံ့ရေး၊ နိုင်ငံနှင့် ဒေသစီးပွားရေးနှင့် အလုပ်အကိုင်ဖွံ့ဖြိုးရေးအတွက် သဘာဝအခြေခံခရီးသွား လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရန်၊ ဥယျာဉ်၊ ဘေးမဲ့တောများရှိသော ဘာသာရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ တည်တံ့ရန်၊ ဂေဟစနစ်များ တည်ငြိမ်ရန်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ရရှိရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် “မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan) ၂၀၁၈-၂၀၃၀”ကို ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါကြောင်း။

ထို့အပြင် ဥယျာဉ်/ဘေးမဲ့တောများ၏ နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက်များသည် နိုင်ငံ၏ သဘာဝအမွေအနှစ်များဖြစ်သည့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေးအပြင် နိုင်ငံသားများအတွက် လူမှုစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုလျော့နည်းရေးနှင့် နိုင်ငံတကာကို ထားရှိရသည့် ကတိကဝတ်များကိုပါ ဖြည့်ဆည်းရန် အထောက်အကူပြုမည်ဖြစ်သည့်အတွက် အလေးထားရေးဆွဲ အကောင်အထည်ဖော်ရန် မှာကြားသည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

ရန်ကုန်(ရွှေဈေး) ၁၀၀၂၅၀၀ - ၁၀၀၂၅၀၀ မန္တလေး(ရွှေဈေး) ၁၀၀၂၅၀၀ - ၁၀၀၂၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၉၅/၁၀၂၅ ကျပ်၊ | ၁၀၇၀/၁၀၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၁၅/၁၀၄၅ ကျပ်၊ | ၁၁၂၀/၁၁၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၆၅/၁၀၀၀ ကျပ်၊ | ၁၀၇၀/၁၀၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၀၅/၁၀၃၅ ကျပ်၊ | ၁၀၈၀/၁၀၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၀၀/၁၀၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၁၀/၁၀၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၆၅/၉၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၈၀၉. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆. ၀၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇. ၄၅၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃. ၉၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၆. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇. ၃၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၁၀. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၈. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၂၁၇

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား တွေ့ဆုံပြီး လွှတ်တော်သို့ ကြည့်ရှုလေ့လာ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရန်ကုန်မြို့တော် ဖွံ့ဖြိုးရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ လွှတ်တော်အစည်းအဝေးခန်းမ၌ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က လွှတ်တော်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌသည် လွှတ်တော်ရုံး ကျောက်စိမ်းခန်းမ၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ကိုယ်စားလှယ်အဖွဲ့သည် လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်နှင့် လွှတ်တော်ရေးရာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အမိမြန်မာပြည်ရုပ်တုရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။



အမျိုးသား ပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ❂ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင် ပျဉ်းကတိုးပင်အား ဦးဆောင်စိုက်ပျိုးပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ရတနာတန်းဝင် ပျဉ်းကတိုးပင်၊ ကျွန်းပင်၊ ပိတောက်ပင်နှင့် မဟော်ဂနီပင်များအား စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၈ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ပျဉ်းကတိုးပင် ၂၀၀၊ ကျွန်းပင် ၁၃၀၀၊ ပိတောက်ပင် ၁၀၀၀ နှင့် မဟော်ဂနီပင် ၂၅၀၀ စုစုပေါင်း အပင် ၅၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရ လေကာပင် စုစုပေါင်း ၁၃၂၂၆၃ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီးတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပထမအကြိမ် ကျင်းပ၍ အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းစိုက်ပျိုးကြရာ စုစုပေါင်း ပျိုးပင် ၃၈၃၅၆၉ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အများပြည်သူသိရှိနိုင်စေရန် အသိပေးကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၃၁-၈-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၉၄/၂၀၁၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် **ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing)နှင့်စပ်လျဉ်း၍ တားမြစ်ခြင်း** အမိန့်ကြော်ငြာစာကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၈)ဖြင့် ထုတ်ပြန်ထားပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာသည် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ အာဏာသက်ရောက်မည်ဖြစ်ပြီး တားမြစ်ထားသည့် ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) လုပ်ကိုင်ဆောင်ရွက်နေသည်ကို စုံစမ်းတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# မန္တလေး၌ ယာဉ်သက်တမ်းတိုးနှင့် ယာဉ်စစ် ရက်ချိန်းရယူခြင်းတို့အား Online Booking စနစ်ဖြင့် ဆောင်ရွက်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)နှင့် (မန္တလေးတောင်ပိုင်း) တို့တွင် နေ့စဉ် နှစ်လဲမှတ်ပုံတင် သက်တမ်းတိုး ယာဉ်စီးရေနှင့် မော်တော်ယာဉ် မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးသည့် ယာဉ်စီးရေ များပြားလျက်ရှိပါသဖြင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ လုပ်ငန်းလာရောက်ဆောင်ရွက်သူ ပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် နှစ်လဲမှတ်ပုံတင် သက်တမ်းတိုးယာဉ် ယာဉ်စစ်ရက်ချိန်းရယူခြင်းနှင့် မော်တော်ယာဉ်မှန်ကန်မှု ရှိ၊ မရှိ ယာဉ်စစ်ရက်ချိန်း ရယူခြင်းတို့အား **www. rtad.gov.mm** Website တွင် ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရက်ချိန်းရယူလိုသည့် ယာဉ်ပိုင်ရှင်များသည် စက်တင်ဘာ ၂၈ မှစတင်၍ ယာဉ်စစ်ရက်ချိန်းကို Online Booking စနစ်ဖြင့် စတင်ရယူနိုင်မည်ဖြစ်ပြီး အနည်းဆုံးသုံးရက်မှ အများဆုံး ရက် ၃၀ အထိ ကြိုတင်ရယူနိုင်မည်ဖြစ်သည်။

Online Booking စနစ်ကို နှစ်လဲမှတ်ပုံတင် သက်တမ်းတိုး မော်တော်ယာဉ်များအတွက်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နယ်ဝင်ယာဉ်များ၊ ပြောင်းလဲခြင်း စစ်ဆေးခံမည့် ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များ၊ ထော်လာဂျီယာဉ်များနှင့် နှစ်တန်နှင့်အထက် မော်တော်ယာဉ်များသည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နှစ်လဲမှတ်ပုံတင် သက်တမ်းတိုးခြင်းအတွက် ရုံးဖွင့်ရက် တစ်ရက်လျှင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ နှစ်ချိန်ခွဲ၍ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၌ နံနက်ပိုင်း အစီး ၁၅၀၊ မွန်းလွဲပိုင်း ၁၂၅ စီးနှင့် ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၌ နံနက်ပိုင်း အစီး ၂၀၀၊ မွန်းလွဲပိုင်း ၁၇၅ စီး လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ Online Booking ရယူရန် အခက်အခဲရှိသူများ နှစ်လဲသက်တမ်းတိုး ဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် လတစ်လ၏ နောက်ဆုံး ရုံးဖွင့်ရက် နှစ်ရက်ကို Online Booking ရက်ချိန်းရယူရန် မလိုဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မော်တော်ယာဉ်မှန်ကန်ခြင်း ရှိ၊ မရှိ ယာဉ် စစ်ဆေးခြင်းကို နေ့စဉ် ရုံးဖွင့်ရက်များအတွင်း နှစ်လဲသက်တမ်းတိုး ဆောင်ရွက်ပြီးချိန် မွန်းလွဲ ၁ နာရီနောက်ပိုင်း၊ လစဉ်လဆန်း ၁ ရက်မှ ၂၅ ရက်အတွင်း ရုံးဖွင့်ရက်တစ်ရက်လျှင် မော်တော်ယာဉ် စီးရေ ၅၀ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

Online Booking စနစ် အသုံးပြုရန် အသေးစိတ်အချက်အလက်များအား **www.motc. gov.mm**၊ www. **myanmarrtad.com**၊ **www.rtad.gov.mm** Website များနှင့် **Road Transport** Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက ရုံးချုပ်(နေပြည်တော်) ဖုန်း-၀၆၇-၃၄၀၅၀၉၉၊ တိုင်းဒေသကြီးရုံး(မန္တလေး) ဖုန်း-၀၂-၄၀၃၆၁၁၃၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) ဖုန်း-၀၂-၄၀၃၆၉၉၇၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) ဖုန်း-၀၂-၄၀၆၁၈၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလအတွင်း ဥပဒေကြမ်း ၁၀ ခု အတည်ပြုနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခုဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

## အားနည်းချက်များအားလုံးကို သင်ခန်းစာဖော်ထုတ်ပြင်ဆင်၍ AC ခင်းမည့်လမ်းများကို ယခုထက် အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမည်

အစည်းအဝေးတွင် **ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၏ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာတင်ရာ၌ ကာလကြာရှည်မခံဘဲ မိုးဦးကာလမှာပင် ချိုင့်၊ ကျင်းများ အမြောက်အမြား ပေါ်ပေါက်လာရခြင်းသည် ထပ်ပိုးလွှာတင်သည့် A.C ကတ္တရာ အရည်အသွေး ညံ့ဖျင်းခြင်းကြောင့်လား သို့မဟုတ် နည်းပညာနိမ့်ပါး၍လား သို့မဟုတ် အခြားအကြောင်းကြောင့်လား ဆိုသည်ကို သိလိုခြင်းနှင့်**စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကတ္တရာကွန်ကရစ်ခင်းခြင်းနှင့် ပတ်သက်၍ အချို့နေရာများတွင် လှိုင်းများဖြစ်ခြင်း၊ အချို့နေရာများတွင် အပေါက်များဖြစ်ခြင်းတို့သည် ကတ္တရာအရည်အသွေးကြောင့် ဖြစ်နိုင်သကဲ့သို့ နည်းပညာကြောင့်လည်း ဖြစ်နိုင်ပါကြောင်း။

ဖြစ်နိုင်သည့်အကြောင်းအရင်း ငါးချက်ရှိပါကြောင်း၊ ကတ္တရာအရည်အသွေးကြောင့် လှိုင်းများဖြစ်ပေါ်နိုင်ခြင်း၊ အပေါက်များဖြစ်ခြင်း၊ နည်းပညာကြောင့် လှိုင်းများဖြစ်ပေါ်နိုင်ခြင်း၊ ကတ္တရာခင်းသည့်အခါ အထူအပါးမညီမျှမှုနှင့် မူလရှိနေသည့် ကွန်ကရစ်လှိုင်းဖြစ်နေသော မျက်နှာပြင်ကို ညီညာအောင် မပြုပြင်ဘဲခင်းသည့်အတွက် လှိုင်းများဖြစ်ပေါ် ပျက်စီးခြင်း၊ စက်၊ ယာဉ်ယန္တရားများ အားနည်းချက်များကြောင့် လှိုင်းများဖြစ်ပေါ်နိုင်ခြင်း၊ အောက်ခံ ၁၈ လက်မထူသော Rigid Pavement ပေါ်တွင် AC ခင်းသည့်နေရာတွင် AC ၏ Mixed Design နှင့် Pavement Design မှားယွင်းမှုကြောင့် ဖြစ်ပေါ်နိုင်ခြင်း စသည်တို့ဖြစ်ပါကြောင်း။

မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာတင်ရာ၌ ဖြစ်ပေါ်လာသည့် ပျက်စီးမှုအခြေအနေနှင့် ပတ်သက်၍ မိမိတို့၏ အားနည်းချက်များကို ထောက်ပြဆွေးနွေးမေးမြန်းခဲ့သည့် ကိုယ်စားလှယ်အား အထူးပင်ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အနေဖြင့် အားနည်းချက်များအားလုံးကို သင်ခန်းစာဖော်ထုတ်ပြင်ဆင်၍ AC ခင်းမည့်လမ်းများကို ယခုထက် အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးထွန်းလင်းမော်၏ **ကြံခင်းမြို့နယ်အတွင်းရှိ Class(A) အဆင့်သတ်မှတ်ပြီး လမ်းမကြီးအား ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲရန်နှင့် ပျက်စီးနေမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင်တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်** စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အုတ်တွင်း-ရေနံတောင်- ထိန်ပင်မြောင်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Calss(a) ဦးစားပေးအဆင့်(၁)တွင် ပါဝင်သောလမ်းဖြစ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## PPTT သင်တန်းခေါ်ယူသည့်အချိန်တွင် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသောသူများ လျှောက်ထားနိုင်ပြီး ကိုက်ညီပါက ဒေသခံများအား ဦးစားပေးခန့်ထားမည်

သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **သနပ်ပင်မြို့နယ် အခြေခံပညာကျောင်းများတွင် လိုအပ်ချက်ရှိသော ဆရာ ဆရာမများအား ဖြည့်ဆည်းခန့်ထားပေးရန်နှင့် ယင်း ဆရာ ဆရာမများနေရာတွင် ဒေသခံဘွဲ့ရလူငယ်များအား ဦးစားပေးခန့်ထားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် သနပ်ပင်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသည့် မူလတန်းပြနှင့် အလယ်တန်းပြ ဆရာ ဆရာမများကို ယခု ၂၀၁၈ -၂၀၁၉ ပညာသင်နှစ်တွင် PPTT နှင့် DTET သင်တန်းဆင်း မူလတန်းပြ ဆရာ ဆရာမ ၁၄ ဦး၊ မူလတန်းပြမှ အလယ်တန်းပြ ရာထူးတိုး ၅၂ ဦး၊ PGDMA ဆရာတစ်ဦးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပြီးပါကြောင်း၊ ဒုတိယအကြိမ်အဖြစ် အထက်တန်းပြ အပြောင်းအရွှေ့၊ ရာထူးများခန့်ထားဆောင်ရွက်ချိန်၌ ဘာသာရပ် လိုအပ်ချက်အပေါ် မူတည်၍ ဆန္ဒပြုလျှောက်ထားသူများ၊ ဘာသာရပ်ကိုက်ညီမှုရှိသူများအား လုပ်သက်တန်းစီဇယား မူဘောင်သတ်မှတ်ချက်အရ ဖြည့်ဆည်းခန့်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံပြင်ပဘွဲ့ရလူငယ်များအား ဆရာခန့်ထားခြင်းအဖြစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT သင်တန်း ခေါ်ယူသည့်အချိန်တွင် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသောသူများ လျှောက်ထားနိုင်ပြီး ကိုက်ညီပါက ဒေသခံများအား ဦးစားပေးခန့်ထားမည့် အစီအစဉ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်နှင့် မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

> ❝ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်သည့် လုပ်ငန်းများသည် ပြည်သူ့ဘဏ္ဍာငွေများနှင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လုပ်ငန်းပမာဏထက် ပိုမိုတောင်းခံထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် မလျော်ညီဘဲ တောင်းခံထားသည့်ငွေများကို သေချာစိစစ်ပြီးမှသာ ခွင့်ပြုသင့်❞

ထို့နောက် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးက မိမိတို့နိုင်ငံအသီးသီးတွင်ရှိသည့် ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများတွင် အမှီပြုပြီးနေထိုင်ကြသည့် တောင်သူများအတွက် အမြန်ဆုံးဖြေရှင်းပေးနိုင်ပါရန် အကြံပြုလိုပါကြောင်း၊ ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများကို ကြာရှည်ထားပြီး ဟောင်းနွမ်းမှ လေလံတင်ခြင်းမပြုဘဲ ဟောင်းနွမ်းပျက်စီးမှု၊ အရည်အသွေးများ ကျဆင်းမှုမရှိမီ အများပြည်သူအကျိုးပြုလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများစသည့် အမှန်တကယ် အကျိုးပြုလုပ်ငန်းများတွင် ရောင်းချပေးသင့်ပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအနေဖြင့် အကြံပြုချက်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ မြန်မာ့သစ်တောသယံဇာတ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း အကြံပြုဆွေးနွေးသည်။

## လုပ်ငန်းပမာဏထက် ပိုမိုတောင်းခံထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် မလျော်ညီဘဲ တောင်းခံထားသည့်ငွေများကို သေချာစိစစ်ပြီးမှသာ ခွင့်ပြုသင့်

ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့်က ကော်မတီ၏ တစ်နှစ်တာဆောင်ရွက်ခဲ့သည့် အစီရင်ခံစာထဲတွင် ဖော်ပြထားသည့် ဘတ်ဂျက်ပူးပေါင်းရေးအဖွဲ့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဘတ်ဂျက်ကို စိစစ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ ညှိနှိုင်းစည်းဝေးပွဲများကျင်းပ၍ စိစစ်ခဲ့သည်ကို မိမိအနေဖြင့် ထောက်ခံပါကြောင်း၊ ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်သည့် လုပ်ငန်းများသည် ပြည်သူ့ဘဏ္ဍာငွေများနှင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လုပ်ငန်းပမာဏထက် ပိုမိုတောင်းခံထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် မလျော်ညီဘဲ တောင်းခံထားသည့် ငွေများကို သေချာစိစစ်ပြီးမှသာ ခွင့်ပြုသင့်ပါကြောင်း၊ မိမိတို့နိုင်ငံသည် အဖိုးတန်သယံဇာတများ ထွက်ရှိသော်လည်း စနစ်တကျထုတ်ယူသုံးစွဲနိုင်မှုမရှိခြင်း၊ တရားမဝင်ထုတ်ယူနေမှုများကို စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်မှုမရှိခြင်းတို့အတွက် နိုင်ငံတော်အတွက် ဘဏ္ဍာငွေရရှိမှုများစွာ နစ်နာနေရပါကြောင်း၊ ယင်းဖြစ်ရပ်များကို ကော်မတီအနေဖြင့် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်နှင့် ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်းက ဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းတင်ပြပြီး အဆိုပါအစီရင်ခံစာအား သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးအေးနိုင်က အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေး ကျင်းပရက် ၁၉ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၂၃ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၂၁၄ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆို ၁၁ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ခြောက်ခု၊ မှတ်တမ်းတင်အဆို ငါးခုတို့ ဖြစ်ကြပါကြောင်း၊ ဥပဒေကြမ်းအနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၈ ခုရှိပြီး ဥပဒေကြမ်း ၁၀ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၈ ခု ကျန်ရှိပါကြောင်း၊ အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်ကော်မတီ ခြောက်ခု၏ နှစ်ပတ်လည် အစီရင်ခံစာများကို အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆက်လက်ထမ်းဆောင်ကြရမည့် တာဝန်များစွာ ကျန်ရှိနေပါကြောင်း၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့အားလုံး တာဝန်သိသိ သစ္စာရှိရှိဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ပါအတိုင်း နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဥပဒေပြုရေး ကဏ္ဍတွင်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း၊ "No one is above the Law" ဥပဒေအထက်တွင် မည်သူမျှမရှိဆိုသည့် စကားနှင့်အညီ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကို စံနမူနာပြ လေးစားလိုက်နာကြရန် အထူးလိုအပ်ပါကြောင်း၊ ပြည်သူလူထုခံစားနေရသည့် အခက်အခဲများ၊ အကျပ်အတည်းများ၊ ပြဿနာများကို မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများအဖြစ် ပြောင်းလဲပြီး လွှတ်တော်လုပ်ငန်းစဉ်များကို ဆောင်ရွက်နေကြရခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာပြီး ပြည်သူများ၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူလူထုကို အကာအကွယ်မပေးနိုင်သည့် ဥပဒေများဖြစ်နေပါက ဒီမိုကရေစီ ယဉ်ကျေးမှုလမ်းကြောင်းမှ သွေဖည်သွားစေနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း။

## လူမျိုးမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျား၊မခွဲခြားမှုမရှိ၊ လူတန်းစားခွဲခြားမှုမရှိဘဲ နိုင်ငံသားအားလုံးကို တန်းတူအကာအကွယ်ပေးသည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အထူးလိုအပ်

ထိုသို့အဖြစ်မျိုးများကို ရှောင်ရှား၍ ဥပဒေဆိုသည်မှာ ဖိနှိပ်ချုပ်ချယ်ရန် မဟုတ်ဘဲ လူမျိုးမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျား၊မခွဲခြားမှုမရှိ၊ လူတန်းစားခွဲခြားမှုမရှိဘဲ နိုင်ငံသားအားလုံးကို တန်းတူအကာအကွယ်ပေးသည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အထူးလိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးမဏ္ဍိုင်၏ ပြယုဂ်များဖြစ်သည့်အတွက် သွားသတိ၊ လာသတိနှင့် နေထိုင်ကြရန်နှင့် ပြည်သူလူထုနှင့် ဆက်ဆံသည့်အခါတွင်လည်း ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ပြောဆိုဆက်ဆံဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ နိုင်ငံတော်၏ မည်သည့်နေရာဒေသတွင်မဆို ဘေးအန္တရာယ် ကျရောက်ခဲ့ပါကလည်း ပြည်သူလူထု၏ အခက်အခဲများကို စာနာနားလည်ပြီး တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ပေးကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများက အားကိုးယုံကြည်စွာဖြင့် ရွေးချယ်တာဝန်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ ကြုံတွေ့ခံစားနေရသည့် အခြေအနေမှန်များကို မျက်ခြည်မပြတ်စေဘဲ သတိရှိရှိဖြင့် အမြဲနားစွင့်နေရန် လိုအပ်ပါကြောင်း။

ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ လွှတ်တော်အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်း မဲဆန္ဒရှင်ပြည်သူလူထုထံ အရောက်သွား၍ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးကြပါ၊ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသူများ ပီသစွာ ပြည်သူလူထုကိုလည်း စစ်မှန်သည့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးလာရန် ကူညီဆောင်ရွက်ပေးကြပါ၊ ပြည်သူက အားကိုးယုံကြည်ရသည့် လွှတ်တော်ကိုယ်စားလှယ်များ ပီသစွာ ပြည်သူ့အကျိုးကို စိတ်ကောင်းစေတနာမှန်ဖြင့် ကူညီဆောင်ရွက်ပေးကြပါ၊ ပြည်သူများအကြား လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြပါရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် ကျင်းပရက် ၁၉ ရက်အတွင်း ကြယ်ပွင့်ပြမေးခွန်း ၈၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၅၄ ခု မေးမြန်းခဲ့

**နေပြည်တော် စက်တင်ဘာ ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ရိုးမရှိ နေပူတောင်ကျောက်ထုတ်လုပ်မှုစီမံကိန်းကို ရပ်ဆိုင်းထားပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစီမံကိန်းအဖြစ် အစားထိုးပြောင်းလဲလုပ်ကိုင်သွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်းရှိ ရခိုင်ရိုးမအပေါ်တွင် တည်ရှိသည့် နေပူတောင်နေရာကို သဘာဝအခြေခံခရီးသွားဒေသအဖြစ် ပေါ်ပေါက်ရေးအတွက် ဖော်ထုတ်မြှင့်တင်ကြော်ငြာဆောင်ရွက်သွားရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း၊ ကုမ္ပဏီမှ ထုတ်လုပ်မှုလုပ်ငန်းများ အပြီးပိတ်သိမ်းခွင့် တင်ပြထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် သဘောတူစာချုပ်ဖျက်သိမ်းပြီးပါက ပြည်နယ်အစိုးရအနေဖြင့် နေပူတောင်ဒေသကို သဘာဝအခြေခံခရီးသွားစခန်းအဖြစ် တိုးမြှင့်သတ်မှတ်မည်ဆိုပါက ဒေသတွင်းခရီးသွားလုပ်ငန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် နယ်စပ်ဖြစ်သော ကားရော်လောင်ကိုင်နှင့် ကားရော်ဂျဲထောက်ကြား (ဂျဲထားချောင်း) ပေ ၂၀၀ နှင့် ကားရော်လောင်ကိုင်နှင့် ထန်ခေါ်နောက်ကုန်းကြား(စိုးညိုချောင်း) ပေ ၁၀၀ တို့ကို သံကြိုးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က တံတားတည်ဆောက်မည့် လမ်းကြောင်းသည် လက်ရှိတွင် ဝန်ကြီးဌာနအနေဖြင့် ကားလမ်းဖောက်လုပ်ထားခြင်း မရှိသေးပါကြောင်း၊ ကားလမ်းဖောက်လုပ်ပြီးမှသာ အဆိုပါ တံတားနှစ်စင်း တည်ဆောက်ရေးလုပ်ငန်းကို စဉ်းစားသင့်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ရွှေပြည်ရွာဟောင်း၊ သာစည်ကျေးရွာအုပ်စု၊ မျောက်တောင်ကျေးရွာအုပ်စု၊ မာလာကျေးရွာအုပ်စုတို့ကို မဟာဓာတ်အားလိုင်း၏ ၁၁ ကေဗွီအေ ဓာတ်အားလိုင်းမှတစ်ဆင့် ၄၀၀ ဗို့အားလိုင်းများ သွယ်တန်းပြီး ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကျောက်တော်မြို့နယ် သာစည်ကျေးရွာ ဓာတ်အားရရှိရေးနှင့် မျောက်တောင်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေတွင်လည်းကောင်း၊ ရွှေပြည်ရွာဟောင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊

မာလာကျေးရွာအုပ်စုရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျောက်တော်မှ တင်းမသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၁ မိုင်တည်ဆောက်ခြင်းနှင့် တင်းမကျေးရွာတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ်တစ်ရုံ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း၊

တင်းမကျေးရွာတွင် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် မာလာကျေးရွာအုပ်စုထံသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာများ ထပ်မံတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ တည်ဆောက်ရေးလုပ်ငန်းများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်မမလေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဆက်လက်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်က ကော်မတီ၏ အစီရင်ခံစာအပေါ် စိစစ်တွေ့ရှိချက်များ၊ သုံးသပ်အကြံပြုချက်များအပေါ်တွင် အစိုးရအနေဖြင့် လိုက်ပါလုပ်ဆောင်ရန်မှာလည်း အလွန်အရေးကြီးပါကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန်လည်း ကော်မတီအနေဖြင့် စောင့်ကြည့်နိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ကော်မတီ၏ အစီရင်ခံစာသည် ပြည့်စုံသလောက်ရှိပါကြောင်း၊ နောက်နောင်လည်း လက်တွေ့ကျကျ ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ အစီရင်ခံစာအတိုင်း မဆောင်ရွက်နိုင်သည့်ဝန်ကြီးဌာနများကို ယခုထက်မကတိုး၍ ဆောင်ရွက်စေမည့် နည်းလမ်းများဖြင့် ရှာဖွေထိန်းကျောင်းပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာစန်းမောင်မောင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးခင်မျိုးဝင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း**၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်မှ စက်တင်ဘာလ ၁၈ ရက်အထိ အစည်းအဝေးကျင်းပရက် ၁၉ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၈၇)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၁၅၄) ခုတို့ကို မေးမြန်းခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ **အဆိုတင်သွင်းခြင်းကဏ္ဍ**တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်(ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံး

**"မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန်လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်(ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြု"**

အဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ပြီး အဆိုကို အတည်ပြုခဲ့ပါကြောင်း။

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့်** အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် တံတားကြီးများ ဥပဒေကြမ်း၊ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် ပေးပို့ခဲ့ပါကြောင်း၊ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ယင်းဥပဒေအား ၂၀၁၈ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အစီရင်ခံစာပြန်လည်ဖတ်ကြားခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းထားသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများမှာ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံထားသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) (တောင်သူလယ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ) ဦးဘမျိုးသိန်း တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**စာမျက်နှာ ၆ သို့** ✳

## ပြည်တွင်းရေးရာ

✻ စာမျက်နှာ ၅ မှ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုးက တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်းတောင်းခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၂၂)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၄)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၂၀)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၄)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ (၄)ကြိမ်၊ တိုင်းရင်းသားရေးရာ ကော်မတီ (၁၀)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၆) ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ(၇)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၆)ကြိမ်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီ(၈) ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ(၈)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၉)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ (၄)ကြိမ်၊ စိုက်ပျိုးရေး၊ မွေး မြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ(၁)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ (၅)ကြိမ် စုစုပေါင်းကော်မတီအစည်းအဝေး (၁၁၈)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကာလအတွင်း စာတမ်းတိုသုံးစောင် ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၇၃ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် ၈၆ ချက်ကို ရှာဖွေဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲ ၁၅ ချက် ဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏ အကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော်နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်မှုများကို အခြေခံ၍ နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်ခိုင်မြဲအောင် လုပ်ဆောင်နိုင်သည့် အခြေအနေ၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ စည်းကမ်းစနစ်တကျရှိရေး ထိုင်းနိုင်ငံက ကူညီစောင့်ရှောက်ပေးနေသည့် အခြေအနေ၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် နှစ်နိုင်ငံစီးပွားရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ စစ်ဘက်ဆေးပညာရပ်များနှင့် စိုက်ပျိုးရေးနည်းပညာများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအားရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**



**ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း MILEX-2018 ပိတ်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များအကြား ပြုလုပ်သည့် MILEX-2018 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် စက်တင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် အမှတ်(၃၃၀)ခြေလျင်တပ်မဟာဌာနချုပ်သို့ ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား လေ့ကျင့်ရေးတာဝန်ခံတစ်ဦးက MILEX - 2018 ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် Exercise Tiger Strike နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ သရုပ်ပြလေ့ကျင့်မှုများအား လေ့လာကြည့်ရှုခဲ့ကြသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုသေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Defence Research and Development Organization -DRDO) နှင့် ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် စစ်လက်နက်ပစ္စည်းများနှင့် ကာကွယ်ရေးဆိုင်ရာ ကိရိယာများအား ကြည့်ရှုလေ့လာခဲ့ပြီး အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Subhash Bhamare၊ BIMSTEC အမြဲတမ်း အတွင်းရေးမှူးရုံး၏ အထွေထွေအတွင်းရေးမှူးချုပ် (Secretary-General) Mr. Sumith Narkandala၊ BIMSTEC အဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်တို့နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် MILEX-2018 ပိတ်ပွဲအထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး လေ့ကျင့်ခန်းတွင်ပါဝင်သည့် BIMSTEC တပ်ဖွဲ့ဝင်အချို့အား တွေ့ဆုံအားပေးမှုများ ပြုလုပ်ကာ မြန်မာ့တပ်မတော်မှ လေ့ကျင့်ရေးတပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များနှင့် လေ့ကျင့်ခန်းသို့ တက်ရောက်အားပေးသည့် အိန္ဒိယနိုင်ငံ National Defence Academy တွင် တက်ရောက်သင်ကြားလျက်ရှိသော မြန်မာ့တပ်မတော်မှ ဗိုလ်လောင်းနှစ်ဦးတို့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်စကားပြောကြားသည်။

MILEX - 2018 စစ်ဘက်ဆိုင်ရာလေ့ကျင့်ခန်းသို့ BIMSTEC အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘူတန် နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတပ်မတော်များမှ တပ်ဖွဲ့ဝင်များနှင့် လေ့လာသူများ စေလွှတ်ပါဝင်ဆင်နွှဲခဲ့ပြီး ထိုင်းဘုရင့်ကြည်းတပ်နှင့် နီပေါနိုင်ငံတို့မှ လေ့လာသူများ စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးသည် အိန္ဒိယကြည်းတပ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး General Officer Commanding-in- Chief of Southern Command of Indian Army ဖြစ်သူ Lieutenant General Dewan Rabindranath Soni နှင့်ဇနီးတို့က ၎င်းတို့နေအိမ် Polo Vista ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး ညနေပိုင်းတွင် ပူနေးမြို့၌ သင်တန်းတက်ရောက်လျက်ရှိသော မြန်မာ့တပ်မတော်မှ သင်တန်းသားများအား တွေ့ဆုံကာ သင်ကြားနေသည့် သင်ခန်းစာများအပေါ် သိရှိနားလည်ကျွမ်းကျင်ပြီး မိမိနိုင်ငံနှင့်တပ်မတော်အတွက်အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေးစနစ်တကျ တတ်မြောက်အောင် ကြိုးပမ်းသင်ယူလေ့ကျင့်ရန်မှာကြား၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**





# Visa Contactless နည်းဖြင့် ငွေပေးချေမှု ၂၀ ရာခိုင်နှုန်းရှိနေ

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှု အသုံးပြုမှုနည်းပါးနေသေးသော်လည်း contactless နည်းနှင့် ငွေပေးချေမှု ၂၀ ရာခိုင်နှုန်းရှိကြောင်း Visa Myanmar က ထုတ်ပြန်ကြေညာလိုက်သည်။

“အခုချိန်မှာ မြန်မာနိုင်ငံရဲ့ ငွေပေးချေမှုတွေရဲ့ ၅ ပုံ ၁ ပုံက Contactless သုံးနေပြီ။ ဒီနည်းစနစ်ကို ဒီနှစ် ဇန်နဝါရီလကပဲ စတင်မိတ်ဆက်ပေမယ့် ဇွန်လအတွင်း ၂၀ ရာခိုင်နှုန်းအထိခုန်ကျော်သွား နိုင်ပြီ” ဟု Visa Myanmar ၏ Country Manager Arturo Planell က ပြောသည်။

၂၀၁၇ ဇန်နဝါရီ ၁၀ ရက်မှ စတင်၍ visa ကတ်တွေ ထုတ်ပေးခဲ့ပြီး contactless နည်းစနစ်နှင့် အသုံးပြုတဲ့ visa contactless ကတ်ကိုတော့ ယခုနှစ်ဇန်နဝါရီလမှာ စတင်အသုံးပြုခဲ့ကြောင်း Visa Myanmar မှ သိရသည်။

အီလက်ထရွန်နစ်ငွေပေးချေမှုများသည် အသုံးပြုသူများအတွက် သက်သောင့်သက်သာရှိစေရုံသာမကဘဲ ဗဟိုဘဏ်အနေနဲ့ ငွေစက္ကူထုတ်ဝေရတဲ့ ကုန်ကျစရိတ်တွေ လျှော့ချနိုင်မှာဖြစ်ပြီးတော့ တရားမဝင်စီးပွားရေးဈေးကွက် ဖော်ဆောင်မှုတွေကို အတော်အသင့်လျှော့ချနိုင်မည်ဖြစ်၍ အခွန်အခများလည်း တိုးမြှင့်ရရှိလာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် Visa Contactless ကတ် ထုတ်လုပ်လျက်ရှိသည့် ဘဏ်များမှာ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက် အမရာဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်တို့ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော ဥရောပနိုင်ငံများတွင် ၅၀ ရာခိုင်နှုန်းခန့် အသုံးပြုနေပြီး အရှေ့တောင်အာရှနိုင်ငံများထဲတွင် ဖိလစ်ပိုင်နိုင်ငံ၌ တွင်တွင်ကျယ်ကျယ်အသုံးပြုနေသည်။

Visa Contactless ကတ်ကိုင်ဆောင်ဈေးဝယ်သူများကို အထူးလျှော့ဈေးနှင့် ပရိုမိုးရှင်းအစီစဉ်အနေဖြင့် ဂမုန်းပွင့်နှင့်စိန်ဂေဟာ ဈေးဝယ်စင်တာများတွင် ငွေကျပ်ငါးသောင်းဖိုး ဝယ်ယူမှုများအား ၁၀ ရာခိုင်နှုန်းလျှော့ဈေးကို ရယူခံစားနိုင်မည်ဖြစ်ပြီး ပရိုမိုးရှင်းအစီအစဉ်ကို စက်တင်ဘာ ၁၅ ရက်မှ နိုဝင်ဘာလကုန်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

Contactless နည်းပညာကို အသုံးပြုခြင်းအားဖြင့် ကတ်ကိုင်ဆောင်သူများက ကတ်ဖြတ်ခြင်း၊ ကတ်ထည့်သွင်းခြင်းများကို ပြုလုပ်ရန်မလိုအပ်ပဲ Contactless နည်းဖြင့် ပေးချေနိုင်သည့်နေရာတွင် Visa Contactless ကတ်ကို ပြလိုက်ရုံဖြင့် ငွေပေးချေနိုင်မည်ဖြစ်သည်။

**SMW**

# အိုဘယ့် အိုဘယ့် လေးမျက်နှာ

■ မြင့်စိုး(နတလ)

**လေးမျက်နှာဆိုသည်မှာ**

လေးမျက်နှာမြို့သစ်လေးသည် ရပ်ကွက် ငါးခုဖြင့် ဖွဲ့စည်းထားသည့် ပီဘိ မြို့ငယ်လေးတစ်မြို့ ဖြစ်သည်။ မြို့သစ်လေးဟု ကျွန်တော်ပြောရခြင်းမှာ ငဝန်မြစ်အနောက်ဘက်ခြမ်းက လေးမျက်နှာမြို့ဟောင်းအား မြစ်ရေတိုက်စားခံရပြီး မြို့မရပ်ကွက် နေအိမ်တော်တော်များများ ရေအောက်သို့ ရောက်သွားသဖြင့် ၁၉၉၃ ခုနှစ်တွင် ငဝန်မြစ်အရှေ့ဘက်ကမ်းသို့ ပြောင်းရွှေ့ကာ မြို့သစ်တည်ထားခြင်းကြောင့် ဖြစ်ပါသည်။ ရွှေ့ပင်ရွှေ့ ပြောင်းပင်ပြောင်းသော်ငြားလည်း ရေဒဏ်လွတ်သည့် ခုံကြီးပိုင်းရပ်ကွက်နှင့် ခတ္တာပိုင်းရပ်ကွက်တို့က မြို့ဟောင်းနေရာအနောက်ဘက်ခြမ်းတွင် တော်တော်များများ ကျန်ရှိခဲ့သည်။ မကြာမီဖွင့်လှစ်တော့မည့် ငဝန်မြစ်ကူးတံတား (လေးမျက်နှာ)ကြောင့် ခတ္တာပိုင်းနှင့် လေးမျက်နှာမြို့သစ်တို့သည် နှစ်ပါးရွှေဂဟေပြန်လည်ဆက်မိတော့မည်ဖြစ်ပြီး သွားလာရေးအပြင် ပညာရေး၊ ကျန်းမာရေးအခြေအနေများနှင့် လူမှုစီးပွားဘဝ မြင့်မားရေးအတွက်ပါ တံတားကြီးက များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။

၁၉၆၉-၇၀ ခုနှစ်လောက်တွင် လေးမျက်နှာမြို့သို့ စာပေဟောပြောပွဲခရီးဖြင့် ရောက်ရှိလာသည့် ဆရာကြီးတက္ကသိုလ် ဘုန်းနိုင်က ထိုခရီးစဉ်ကအပြန် "သာ၍ ဝေးရာဆီကိုပါ" ဝတ္ထုတစ်ပုဒ် (မင်းသား ကျော်သူဖြင့် ရုပ်ရှင်ရိုက်ခဲ့သည်)ကို ဖန်တီးပုံဖော်ခဲ့ပါသည်။ ထိုဝတ္ထုကို ဖတ်မိသူများကတော့ လေးမျက်နှာမြို့ကို မရောက်လင့်ကစား ငဝန်မြစ်ရိုးတစ်လျှောက် တွန့်လိမ်ကွေးကောက်စွာ ဖြစ်တည်နေခဲ့ဖူးသည့် မြို့ဟောင်းလေး၏ အနေအထားကို ပုံဖော်မှန်းဆနိုင်ပါလိမ့်မည်။ ဆရာကြီး၏နောက် စာပေဟောပြောပွဲရောက်ရှိလာကြသည့် ဆရာမောင်နေဝင်း၊ ဆရာနတ်နွယ်၊ ဆရာမင်းကျော်နှင့် မင်းသားကိုသုမောင်တို့သည်လည်းကောင်း၊ ဆရာလင်းယုန်မောင်မောင်၊ ဆရာကောက်လှိုင်း၊ ဆရာဆင်ဖြူကျွန်းအောင်သိန်းနှင့် ဟာသသရုပ်ဆောင် ဦးသာဆန်းတို့အတွဲသည်လည်းကောင်း လေးမျက်နှာမြို့ဟောင်းလေးနှင့် ထိုစဉ်ကသွားခဲ့ကြရသည့် ရန်ကုန် (ကြည့်မြင်တိုင်ဘူတာ)မှ သာရဝေါဘူတာအထိ မီးရထားခရီးစဉ်၊ သာရဝေါမှ ဟင်္သာတအထိ ကူးတို့သင်္ဘောခရီးစဉ်၊ ဟင်္သာတမှ နတ်မှော်- နိဗ္ဗာန်- ယုံသလင်း- ခမောက်စု-အိုင်သပြုအထိ မော်တော်ကားခရီးစဉ်၊ အိုင်သပြုမှ လေးမျက်နှာမြို့အထိ ငဝန်မြစ်ကြောင်းအတိုင်း စက်လှေခရီးစဉ် အသွယ်သွယ်တို့အကြောင်းကို တမ်းချင်း၊ လွမ်းချင်းပေါင်းများစွာ ရေးသားဖွဲ့ဆိုခဲ့ကြပြီး ဖြစ်ပါသည်။ သည်ဘက်ခေတ် သည်ဘက်ကမ်းက မြို့သစ်ဘဝမှာလည်း ဆရာ မောင်သာချို၊ အကြည်တော်၊ ဆရာရဲသျှမ်း၊ ဆရာမ သန်းမြင့်အောင်၊ ဆရာမ မေသကြိန်ဟိန်တို့ ရောက်ရှိဟောပြောခဲ့ကြကြောင်း ကြားသိရပါသည်။

စင်စစ်သော်ကား လေးမျက်နှာမြို့ဟောင်းလေးမှသည် မြို့သစ်အပါအဝင်၊ အနီပရဝဏ်လေးကို ဗဟိုပြုဖြစ်ပေါ်နေသည့် လေးမျက်နှာမြို့နယ်အဝန်းအဝိုင်းအတွင်းမှ စာပေ၊ ဂီတနှင့် သဘင်အနုပညာရှင်ကြီးများသာမက ဘာသာရေး၊ နိုင်ငံရေးကဏ္ဍအသီးသီးတို့မှာလည်း ထင်ရှားကျော်ကြားသည့် ထေရ်ကြီးဝါကြီး သံဃာတော်အရှင်သူမြတ်များ၊ လူပုဂ္ဂိုလ်များ များစွာပေါ်ထွန်းခဲ့ပြီး ဖြစ်ပါသည်။ ဘာသာသာသနာဘက်တွင် ပထမထွတ်ခေါင်ဆရာတော်ကြီး၊ ရွှေဟင်္သာဆရာတော်ကြီးတို့ ထင်ရှားတော်မူသကဲ့သို့ ယနေ့ခေတ်တွင် ကျေးဇူးတော်ရှင် အောင်ဆန်းဆရာတော်ကြီးသည် ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံသယ်ပိုးထမ်းရွက်တော်မူလျက်ရှိသည်။ နိုင်ငံရေးဘက်တွင် သခင်ပညာလောက (လေးမျက်နှာမြို့ ပရဟိတဆရာတော် ဘဒ္ဒန္တပညာလောက) နှင့် ဝိဓူရသခင်ချစ်မောင်တို့သည်လည်း ကောင်း၊ စာပေတွင် ကျောက်စာဝန်ဦးမြနှင့် ကဗျာဆရာကြီးစောရန်နောင် တို့သည်လည်းကောင်း၊ ရုပ်ရှင်ဂီတနှင့် သဘင်အနုပညာတို့၌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ ဦးစိန်မာဒင်နှင့် သားများဖြစ်ကြသော မိုးဝင်း၊ မိုးမင်းတို့ အပါအဝင် စိန်မာဒင်ဇာတ်သဘင်မှ တစ်ဆင့် ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခဲ့သည့် ဟာသသရုပ်ဆောင် အကယ်ဒမီမော့စ်၊ အိုင်သပြုကျေးရွာဇာတိဖွားဖြစ်သည့် ဂီတစာဆို အလင်္ကာကျော်စွာ ဟင်္သာတ ဦးမြင့်ငွေတို့သည်လည်းကောင်း၊ ဘောလုံးအားကစားလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သူ မြန်မာ့လက်ရွေးစင်နှင့် အာရှလက်ရွေးစင် ဦးလှဌေးမှသည် ဦးအေးမောင်ကြီးနှင့် အောင်စံဖြိုးတို့သည်လည်းကောင်း ထင်းရှားခဲ့သလို ဆပ်ကပ်အနုပညာလို့ပဲ ခေါ်ခေါ်၊ ဆပ်ကပ်အားကစားလို့ပဲ ပြောပြော ဤကဏ္ဍမှာလည်း ဆိုဗီယက် ပြန် နွဲ့နွဲ့စန်းက မြို့နယ်ဂုဏ်ကိုဆောင်ခဲ့၏။

**မြို့နယ်အသင်းမှ ဦးဆောင်**

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)က ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အသင်း၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှင့် ထူးချွန် ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြီးခဲ့သည့် စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)၌ ကျင်းပပြုလုပ်ရာ အသင်း၏ဩဝါဒ ဆရာတော်များဖြစ်တော်မူကြသည့် အောင်ဆန်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကိတ္တိသာရ၊ လှိုင်သာယာမြို့နယ် အောင်ပရဟိတစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တသူရိယ၊ လေးမျက်နှာမြို့ဒက္ခိဏာရုံပရဟိတကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရိယာနန္ဒနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး လေးမျက်နှာမြို့နယ်သူ မြို့နယ်သားများ၊ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါသည်။ အခမ်းအနားတွင် ကြွရောက်တော်မူလာကြသော သံဃာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းပြီးနောက် လေးမျက်နှာမြို့နယ်အသင်းအနေဖြင့် ခြောက်ဘာသာ ဂုဏ်ထူးရှင် မယဉ်ချောဟန်၊ ငါးဘာသာဂုဏ်ထူးရှင်နှင့် ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အဆင့်(၄)ရရှိသူ မသဲသဲဇော်၊ လေးဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသည့် မသီဂီဝတ်ရည်နှင့် မောင်ဉာဏ်လင်းစံ၊ နှစ်ဘာသာဂုဏ်ထူးရှင် ခွန်ချစ်ထွေးနှင့်မောင်အာကာစိုး၊ တစ်ဘာသာဂုဏ်ထူးရှင် မဂန္ထဝင်ထွန်းတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယခုနှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ ကျွန်တော့်အနေဖြင့် စိတ်အားထက်သန်စွာ တက်ရောက်ဖြစ်ခဲ့ခြင်းမှာ ဝိဇ္ဇာဘာသာတွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် တစ်နိုင်ငံလုံး အဆင့်(၄)ရရှိခဲ့သူ မသဲသဲဇော်သည် မိမိ၏မွေးရပ်မြေ လှော်ကထားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည့် ကလေးဖြစ်နေခြင်း၊ ၎င်းအနေဖြင့်လည်း အိမ်ခြေ ၄၅ အိမ်မျှသာရှိသည့် ရထားကွင်းကျေးရွာ (စာရေးသူတို့ဇာတိ စိန်တောင်ရွာ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာ)တွင် နေထိုင်၍ မိဘဆရာသမားများ၏ သွန်သင်ညွှန်ပြမှုတို့ကို အလေးထားခံယူကာ ယခုကဲ့သို့ အောင်မြင်မှုရရှိအောင် ကြိုးစားခဲ့သူ ဖြစ်နေခြင်းတို့အပေါ် ကိုယ်တိုင်ပါဝင်ဂုဏ်ပြုလို၍ဖြစ်ပါသည်။

**လှော်ကထားစံပြကျေးရွာဖြစ်စေဖို့**

မြန်မာပြည်တစ်နံတစ်လျား ကားဖြင့်သွားခဲ့သော ခရီးတွေ အတော်လေးများခဲ့ပါပြီ။ ထိုသို့ သွားလာခိုက်မှာ စံပြကျေးရွာဟု အမည်တပ်ထားသော ရွာကြီးရွာငယ်လေးများကို မြင်လိုက်ရသည့်အချိန်တိုင်း မိမိတို့မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အနောက်ခြမ်းက လှော်ကထားကျေးရွာ၊ စိန်တောင်ကျေးရွာတို့ကို စံပြကျေးရွာအဆင့်အထိ ဖြစ်လာစေချင်သည့် ဆန္ဒများ ပြင်းပြင်းပြပြဖြစ်ပေါ်လာစမြဲဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ တဖြည်းဖြည်း ဖြစ်ပေါ်လာဖို့ကိုတော့ စေတနာရှင်အလှူရှင်များနှင့် မိမိတို့ ကျောင်းသားဟောင်းများက ဝါယမစိုက်ထုတ်၍ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။ စေတနာရှင်အလှူရှင်များထဲတွင် လေးမျက်နှာမြို့နယ်ဇာတိဖွား ဦးတင်ဝင်းနှင့် ၎င်း၏ဇနီးဖြစ်သူ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်မိသားစုတို့က အဓိကပါဝင်လှူဒါန်းခဲ့ကြရာတွင် လှော်ကထားတိုက်နယ်ဆေးရုံ၏ ပင်မဆောင်ကြီးနှင့် အခြားလိုအပ်သောပစ္စည်းများကိုလည်းကောင်း၊ (အထက)လှော်ကထားကျောင်းတွင် ဆာကူရကျောင်းဆောင်သစ်ကြီး တစ်ဆောင်ကိုလည်းကောင်း၊ လှော်ကထားဘုန်းတော်ကြီးကျောင်းတည်ဆောက်ရာတွင်လည်းကောင်း ပါဝင်လှူဒါန်းခဲ့ကြသည်။ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးကြီးမြင့်ကလည်း တိုက်နယ်ဆေးရုံ သံဃာဆောင်ကို လှူဒါန်းဆောက်လုပ်ပေးခဲ့သည့်အပြင် စာရေးသူတို့ နေထိုင်ပညာသင်ယူခဲ့ဖူးသော အလကကျောင်းအဖြစ် ရှိနေစဉ်က ပင်မကျောင်းဆောင်ကြီး ပြန်လည်ပြုပြင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုကာ စီစဉ်ဆောင်ရွက်ပေးနေသူ ဖြစ်ပါသည်။

ထိုနေ့အခမ်းအနား၌ လေးမျက်နှာမြို့နယ်အသင်း၏ နာယကဖြစ်သူ၊ လေးမျက်နှာမြို့ အထက ကျောင်းသားဟောင်း ကိုနေဝင်းနှင့် စကားစပ်မိရင်း သူ၏စိတ်ကူးစိတ်သန်းများကို သိရှိလိုက်ရသောကြောင့် ကျွန်တော်ဖြစ်စေချင်နေသော လှော်ကထားစံပြကျေးရွာ အိပ်မက်များပြန်လည်နိုးထခဲ့ရသည်။ ကိုနေဝင်းက လေးမျက်နှာအထကကျောင်းတွင် ကျွန်တော်တို့ထက် သုံးနှစ်စီနီယာကျကာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူဖြစ်၏။ သူနှင့်သူ၏ဇနီးဖြစ်သူ ဒေါ်ခင်သင်းလွင် မိသားစုကလည်း စေတနာသဒ္ဓါတရားထက်သန်သော အလှူရှင်များပါပေ။ ၂၀၀၉ ခုနှစ်တွင် မျက်စိအထူးကုသမားတော်ကြီး ဒေါက်တာနီလာသိန်းအပါအဝင် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့နှင့် လေးမျက်နှာမြို့ ပြည်သူ့ဆေးရုံကြီး၌ တစ်နယ်လုံးမှ မျက်စိဝေဒနာရှင်များအား ကြည့်ရှုစမ်းသပ် ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခြင်း၊ နောက်ထပ်ဖြစ်ပေါ်လာသော မျက်စိဝေဒနာရှင်များကို ရန်ကုန်မြို့သို့ ခေါ်ယူကုသပေးခြင်းတို့ဆောင်ရွက်ခဲ့ကြရာ ၎င်းတို့မိသားစု၏အလှူဒါနကြောင့် မျက်စိဝေဒနာရှင် ၁၀၀၀ နီးပါး အလင်းရခဲ့ကြကြောင်း သိခဲ့ရသည်။ ပြီးခဲ့သည့် ဩဂုတ်လထဲတွင်လည်း ကိုနေဝင်းနှင့် လေးမျက်နှာမြို့နယ်အသင်းသည် လှော်ကထားကျေးရွာသို့ သွားရောက်ကာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသော လှော်ကထားအထက၊ ပန်းတောကြီးအထကတို့မှ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသလို ဂုဏ်ထူးထွက်အောင် သင်ကြားပြသပေးခဲ့သည့် ဆရာ ဆရာမများကိုပါ ဂုဏ်ပြုခဲ့ကြောင်း သိရသည်။ ထို့အပြင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကာ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း၊ အထကကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဗဟိုပြု၍ ဆပ်ပြာရည်၊ ဆပ်ပြာခဲ ကိုယ်တိုင်ချက်လုပ်သုံးစွဲနည်းများ သင်ကြားပြသပေးကာ ပတ်ဝန်းကျင်ကျေးရွာလူထုအတွက်ပါ ချက်လုပ်သုံးစွဲနိုင်အောင် ကုန်ကြမ်းပစ္စည်းများလှူဒါန်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး သွားတိုက်ဆေး၊ သွားတိုက်တံများ လှူဒါန်းခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သိရသဖြင့် သာဓုခေါ်ဝမ်းမြောက်မိပါသည်။ သူ၏စိတ်ကူးစိတ်သန်းများထဲတွင် ကျောင်းသားလူငယ်ထုကို ဗဟိုပြု၍ ဆေးလိပ်ကင်းစင်ဒေသ၊ ကွမ်းကင်းစင်ဒေသ၊ အမှိုက်ကင်းစင်ဒေသများ ဖြစ်အောင် ကြိုးပမ်းချင်သည်၊ လှော်ကထားတွင် ပညာပေးစင်တာလေးတစ်ခု ဖွင့်နိုင်အောင်ကြိုးစား၍ ဆောင်ရွက်ချင်သည်ဟု ပြောလာသောအခါ ကျွန်တော်တို့လည်း တတ်နိုင်သည့်ဘက်က ကူညီဆောင်ရွက်ပါမည်ဟု ကတိပြုမိ၏။

**ရွှေရတုနှစ်တိုင်ခဲ့ပြီ**

လှော်ကထားအထကကျောင်းဝင်းထဲမှာ သစ်သားကျောင်းဆောင်ကြီးတစ်ဆောင်သည် ၁၉၆၈ ခုနှစ် အလယ်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့စဉ်က စတင်တည်ဆောက်ခဲ့သော ပင်မကျောင်းဆောင်ကြီးဖြစ်၍ ယခုနှစ်ဆိုလျှင် နှစ်(၅၀)ပြည့် ရွှေရတုနှစ်သို့တိုင်ခဲ့ပြီ။ ပညာရေးဝန်ကြီးဌာနက နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုပေးခဲ့ပြီးနောက် ၎င်းသစ်သားဆောင်ကြီးအား ကျွန်တော်တို့ကျောင်းသားဟောင်းများနှင့် အလှူရှင် စေတနာရှင်များ စုပေါင်းကာ ပြန်လည်ပြင်ဆင်လျက်ရှိသည်။ ထိုကျောင်းဆောင်ကြီးကို ပြင်ဖို့ဆိုလျှင် အခန်းနံပါတ်(၁)ကိုဖြစ်စေ၊ အခန်း (၁)မရပါက အခန်း(၆)ကိုဖြစ်စေ ကျွန်တော်တာဝန်ယူချင်ပါသည်။ အခန်း(၁)သည် ရှစ်တန်းကျောင်းသားဘဝက ကျွန်တော်တို့နောက်ဆုံးစာသင်ခဲ့သောနေရာ၊ အခန်း(၆)ကတော့ ငါးတန်းကျောင်းသားဘဝနှင့် ထိုကျောင်းကို စတင်ကာရောက်လျှင်ရောက်ချင်း ဆောက်လုပ်နေဆဲသစ်သားပုံ၊ လွှစာပုံတွေကြားမှာ မျောက်ရှုံးအောင် အဆော့ကောင်းသော ကျွန်တော်တို့အုပ်စုအား ဆရာကြီးဦးကြင်မောင်က ကြိမ်လုံးဖြင့် ဆော်ပလော်တီးခဲ့သောအခန်းဖြစ်၍ တစ်သက်မမေ့စရာ ဖြစ်ခဲ့သည်။ သို့သော်ငြားလည်း အခန်း(၁)ကို အသင်းဥက္ကဋ္ဌ ဦးကြီးမြင့်က တာဝန်ယူသွားသည်။ အခန်း(၂)က ကျောင်းသားဟောင်း ကိုသန်းမြင့်က လှူဒါန်းမည်။ အခန်း(၃)အလှူရှင်က အစ်မကြီး ဒေါ်ခင်ကြည် မိသားစု၊ အခန်း(၄)နှင့် (၅)က ကျောင်းသား ကျောင်းသူဟောင်းများ၏ စုပေါင်းအလှူ၊ အခန်း (၆)က ကျောင်းအုပ်ကြီး၏ ကြိမ်လုံးစာမိခဲ့သော ကျွန်တော် တာဝန်ယူလှူဒါန်းခွင့်ရခဲ့ပါသည်။ နှစ်ထပ်ကျောင်းဆောင်ဖြစ်၍ ပြန်လည်ပြုပြင်ရမည့် အမိုးနှင့် မျက်နှာကြက်အလှူရှင်ကတော့ ကျောင်းသားဟောင်းတစ်ဦးဖြစ်သည့် ပုသိမ်မြို့ အဝေရာဆေးတိုက်ပိုင်ရှင် တိုင်းရင်းဆေးသမားတော် ဦးသိန်းဝင်း ဖြစ်သည်။ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ၁၄ ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို နှစ်(၅၀)ပြည့် ရွှေရတုကျောင်းဆောင်ကြီးပေါ်တွင် ပြန်လည်ကျင်းပနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ကျွန်တော်တို့ဒေသမှ ကလေးငယ်များ၏ ပညာရည်မြင့်မားရေး၊ လူငယ်ထုအတွင်း အတွေးအခေါ် အယူအဆမှအစ ပြောင်းလဲတိုးတက်ရေး၊ လေးမျက်နှာအပါအဝင် တစ်မြို့နယ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စီကိုယ်စီ တစ်ထမ်းတစ်ရွက်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရပါဦးမည်။ ။

> "၁၉၆၉-၇၀ ခုနှစ်လောက်တွင် လေးမျက်နှာမြို့သို့ စာပေဟောပြောပွဲခရီးဖြင့် ရောက်ရှိလာသည့် ဆရာကြီး တက္ကသိုလ် ဘုန်းနိုင်က ထိုခရီးစဉ်ကအပြန် "သာ၍ ဝေးရာဆီကိုပါ" ဝတ္ထုတစ်ပုဒ် (မင်းသား ကျော်သူဖြင့် ရုပ်ရှင်ရိုက်ခဲ့သည်)ကို ဖန်တီးပုံဖော်ခဲ့ပါသည်။ ထိုဝတ္ထုကို ဖတ်မိသူများကတော့ လေးမျက်နှာမြို့ကို မရောက်လင့်ကစား ငဝန်မြစ်ရိုး တစ်လျှောက် တွန့်လိမ်ကွေးကောက်စွာ ဖြစ်တည်နေခဲ့ဖူးသည့် မြို့ဟောင်းလေး၏ အနေအထားကို ပုံဖော်မှန်းဆနိုင်ပါလိမ့်မည်"

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**


MITASU Company နှင့် ဝန်ထမ်းမိသားစုများက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၄၁၅၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံသည်။



အခမ်းအနားတွင် အလှူရှင် MITASU Company အထွေထွေမန်နေဂျာက အမှန်တကယ်လိုအပ်သည့်နေရာများတွင် ထိထိရောက်ရောက် အကျိုးရှိစွာ ထောက်ပံ့နိုင်ရန်အတွက် လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လူငယ်များ ဦးဆောင်သောအဖွဲ့မှ ယခုကဲ့သို့ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြည်သူမှပြည်သူကို ပြန်လည်လှူဒါန်းသည့် အလှူငွေများကို လိုအပ်ချက်အရှိဆုံးနေရာများတွင် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မီဒီယာ အင်္ဂလိပ်စာ စာအုပ်ထွက်ရှိ




ဆရာ ဦးလှမောင်(Arakan Sein)၏ မီဒီယာ အင်္ဂလိပ်စာ စာအုပ်ကို ထုတ်ဝေလိုက်ကြောင်း သိရသည်။

စာရေးသူက ယခုအခါ မီဒီယာလောကကြီးသည် တစ်ဟုန်ထိုးကြီးထွားလာရာ အင်္ဂလိပ်မှ မြန်မာဘာသာသို့ ဘာသာပြန်နေကြသည့် လူငယ်ဂျာနယ်လစ်များ အတွက်လည်းကောင်း၊ အင်္ဂလိပ်စာသင်ရင်းပြင်ပဗဟုသုတ ရှာကြသူများအတွက်လည်းကောင်း ရည်ရွယ်၍ ယခုကဲ့သို့ ထုတ်ဝေခြင်းဖြစ်ကြောင်း၊ ဤစာအုပ် ရေးသားပြုစုသည့် ရည်ရွယ်ချက်မှာ အင်္ဂလိပ်စာတတ်ပြီး ဘာသာပြန်သူများ ထွက်ပေါ်လာစေရန်၊ ကျောင်းတွင်းစာမှ ပြင်ပစာပေများဖတ်ကာ ဗဟုသုတများ တိုးပွားစေရန် စသည့်အချက်များပါဝင်ကြောင်း ဖော်ပြထားသည်။

ယင်းစာအုပ်ကို တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ထိုင်းသံအမတ်ကြီးနှင့် သြစတြေးလျနိုင်ငံမှ ဧည့်အဖွဲ့တို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Ms. Jukr Boon-Long နှင့် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးရုံးမေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ထမ်းဆောင်ချိန်အတွင်း မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD မှတစ်ဆင့် ထိုင်းလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့်အခြေအနေများ၊ မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံဘက်တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ပြန်လည်ပို့ဆောင်ရေးနှင့် ပြန်လည်နေရာချထားရေး တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ University of New South Wales၊ Founder of Football United Program မှ Ms. Anne Bunde-Birouste နှင့် ဒေါက်တာထွန်းအောင်ရွှေ ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံရာတွင် လူငယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်စေရန်၊ မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန်၊ လူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရပြီး ကျွမ်းကျင်မှုနှင့် စည်းလုံးညီညွတ်မှုတိုးတက်လာစေရန်၊ မိမိကိုယ်မိမိ ယုံကြည်မှုမြင့်မားလာစေရန်အတွက် ဘောလုံးအားကစားနည်းမှတစ်ဆင့် ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံမှ ရေးဆွဲအတည်ပြုပြီးဖြစ်သော လူငယ်မူဝါဒကို အကောင်အထည်ဖော်ဆောင်ရေး မဟာဗျူဟာစီမံချက်များ ရေးဆွဲရာတွင် ဘောလုံးအားကစားနည်း အခြေပြုအစီအစဉ်များ ထည့်သွင်းနိုင်ရေး၊ လူမှုသဟဇာတမျှတရေးဆိုင်ရာ အတွေးအခေါ် အမူအကျင့်များ၊ မူးယစ်ဆေးဝါးအန္တရာယ်များအား လူငယ်များသို့ ထိရောက်စွာ အသိပေးနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ **ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**

တက်ရောက်ရေးအတွက် နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ပြီး ရန်ကုန်အသင်းမှာမူ အိမ်ကွင်း၌ ကစားရသော်လည်း ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။ မကွေးအသင်းသည် ပထမပိုင်းတွင် ထိန်းကစားခဲ့ကာ ရန်ကုန်နောက်တန်း၏ အမှားကိုစောင့်ကာ ဂိုးရရန် ကြိုးစားခဲ့ပြီး ရန်ကုန်အသင်းသည် ပိုဖိကစားနိုင်သော်လည်း တိုက်စစ်ကစားပုံ လိုအပ်ချက်များရှိသောကြောင့် ဂိုးသွင်းခွင့်အနည်းငယ်သာရခဲ့သည်။ သို့သော် ရန်ကုန်အသင်းသည် ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးအချို့ရခဲ့ပြီး အီမန်နျူရယ်နှင့် ဆယ်လာတို့ အသုံးချနိုင်ခြင်းမရှိခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက တိုက်စစ်ကစားပုံမြင့်လာပြီး ရန်ကုန်ခံစစ်ကို ပိုမိုဖိအားပေးခြိမ်းခြောက်နိုင်ခဲ့သည်။ မကွေးအသင်း ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်ခဲ့သလို အချို့ဂိုးသွင်းခွင့်များကိုလည်း ဂိုးသမားကျော်ဇင်ထက် လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် ကျော်ဇင်ဦးအစား စိုးမင်းနိုင်၊ အီမန်နျူရယ်အစား သန်းပိုင်ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း အမြင့်ဘောများဖြင့် တိုက်စစ်ဆင်နေ၍ မကွေးနောက်တန်း အလွယ်တကူဖျက်ထုတ်နိုင်ခဲ့သလို ဆယ်လာနှင့် စိုးမင်းနိုင်တို့ အပိုင်ဂိုးသွင်းခွင့်များရသော်လည်း လွဲချော်ခဲ့သည်။ အဆုံးသတ်အားနည်းနေသည့် ရန်ကုန်အသင်းသည် မိနစ် ၈၀ တွင် တစ်လုံးတည်းသောအနိုင်ဂိုးရခဲ့ပြီး ဆယ်လာက တစ်ကိုယ်တော်အစွမ်းဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ မကွေးနှင့် ရန်ကုန်အသင်းတို့၏ ဒုတိယအကျော့ကို စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

## ဟံသာဝတီနှင့် ရှမ်းယူနိုက်တက်တို့ အားပြိုင်မည့် ရှုံးထွက်ဆီမီးဖိုင်နယ်

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့(ဒုတိယနေ့)ကို စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ပဲခူးမြို့ရှိ Grand Royal ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဟံသာဝတီအသင်းနည်းပြချုပ် ဦးငွေထွန်းက "ရှုံးထွက်ပြိုင်ပွဲက ကျွန်တော်တို့နဲ့ ကံစပ်တယ်လို့ ပြောလို့ရပါတယ်။ ပထမဆုံးကျင်းပတဲ့ပြိုင်ပွဲမှာ ဗိုလ်စွဲထားတာကြောင့် အခုပြိုင်ပွဲမှာ တစ်ကျော့ပြန်ဗိုလ်စွဲဖို့ ကြိုးစားမှာပါ။ အကောင်းဆုံးပြင်ဆင်နေပေမယ့် အမာခံကစားသမားနှစ်ဦးက ပွဲပယ်ပြစ်ဒဏ်ကြောင့် ပထမအကျော့မှာ ပါဝင်နိုင်မှာ မဟုတ်ပါဘူး။ ဂျိုးဇက်မပါနိုင်တဲ့ တိုက်စစ်နဲ့ ကျော်နိုင်မြင့်မပါနိုင်တဲ့ ခံစစ်ကို အစားထိုးဖို့ ပြင်ဆင်ထားပါတယ်။ အားနည်းချက်တွေရှိပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် အကောင်းဆုံးကြိုးစားမှာပါ။ ရှမ်းယူနိုက်တက်အသင်းက အသင်းကောင်းတစ်သင်းဖြစ်သလို ကစားသမားကောင်းတွေလည်း အများကြီးရှိပါတယ်။ အိမ်ကွင်းမှာ ပရိသတ်ရဲ့ အားပေးမှုနဲ့ အနိုင်ရအောင် ကြိုးစားမှာပါ"ဟု ပြောကြားသည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် မာဂျန်က "ရှုံးထွက်ပြိုင်ပွဲက လိဂ်ပြိုင်ပွဲနဲ့ မတူပါဘူး။ နှစ်ကျော့ကစားရမှာဖြစ်တာကြောင့် ပွဲတိုင်းက အရေးကြီးပါတယ်။ တစ်ပွဲတည်းကောင်းနေလို့မရဘဲ နှစ်ပွဲစလုံး ရလဒ်ကောင်းဖို့ လိုပါတယ်။ ရှုံးထွက်ပြိုင်ပွဲဖြစ်တာကြောင့် အသင်းကြီးဆိုတာမရှိသလို ပိုကောင်းတဲ့အသင်းလည်း မရှိပါဘူး။ အခွင့်အရေးကို အသုံးချနိုင်တဲ့အသင်းက အနိုင်ရမှာပါ။ ဗိုလ်လုပွဲတက်ရောက်ဖို့ အကောင်းဆုံးကြိုးစားမှာပါ"ဟု ပြောကြားသည်။ မက်ဆီဒိုးနီးယားနိုင်ငံသား မာဂျန်သည် ယခင်ဧရာဝတီအသင်းနှင့် ရှုံးထွက်ချန်ပီယံဆုကို နှစ်ကြိမ်တိုင်ရဖူးပြီး ၂၀၁၂ ပြိုင်ပွဲနှင့် ၂၀၁၅ ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ရှုံးထွက်ပြိုင်ပွဲ စတင်ကျင်းပသည့် ၂၀၁၀ ပြိုင်ပွဲတွင် ဗိုလ်စွဲပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ နောက်ဆုံးကျင်းပထားသည့် ၂၀၁၇ ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့် လက်ရှိချန်ပီယံအသင်းလည်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

# မြန်မာ့ရွှေဈေး ငွေကျပ်ဆယ်သိန်းကျော် မြင့်တက်လာ

**ရန်ကုန် စက်တင်ဘာ ၁၈**

ယနေ့(စက်တင်ဘာ ၁၈ ရက်)တွင် မြန်မာ့ရွှေဈေးတစ်ကျပ်သားလျှင် ငွေကျပ်ဆယ်သိန်းကျော်အထိ မြင့်တက်သွားပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးမှ ကြားသိရသည်။

"မနေ့က ဈေးကွက်ပိတ်ချိန်မှာ ကမ္ဘာ့ရွှေဈေးက ၁၁၉၇ ဒေါ်လာ၊ မြန်မာ့ရွှေဈေးက ငွေကျပ် ၉၉၈၂၀၀၊ ဒေါ်လာ အရောင်းအဝယ်ဈေးက ၁၅၆၅ ရှိနေတယ်။ ဒီကနေ့မနက် ဈေးကွက်ဖွင့်ချိန် မနက် ၁၁ နာရီလောက်မှာ ကမ္ဘာ့ရွှေဈေးက ၁၁၉၈ ဒေါ်လာ၊ မြန်မာ့ရွှေဈေးက ငွေကျပ် ၉၉၉၅၀၀ နဲ့ ဖွင့်ခဲ့ကြတယ်။ ဒါပေမယ့် တစ်နာရီမကြာဘူး မိနစ်ပိုင်းအတွင်းမှာပဲ ငွေကျပ် ဆယ်သိန်းကျော်အထိဖြစ်သွားတယ်၊ နောက်ကျပ် ၁၀၀၆၀၀၀ တန်းဖြစ်သွားတယ်။ ညနေ ၃ နာရီခွဲလောက်မှာ ကမ္ဘာ့ရွှေဈေးက ၁၁၉၉ ဒေါ်လာဖြစ်ပြီး မြန်မာ့ရွှေဈေးက ငွေကျပ် ၁၀၀၆၈၀၀ ဖြစ်သွားပြီ"ဟု တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ပြန်ကြားရေးမှူး ဦးအေးချို(စမ်းချောင်း)က ပြောသည်။

ပြီးခဲ့သောအပတ်က တွက်ဆပြသည့်အတိုင်း ရက်သတ္တတစ်ပတ်မပြည့်မီပင် မြန်မာ့ရွှေဈေးက ငွေကျပ် ဆယ်သိန်းကျော် မြင့်တက်လာခဲ့သည်။ သို့သော် ယနေ့ မြန်မာ့ရွှေဈေးတစ်ကျပ်သားလျှင် ငွေကျပ်ဆယ်သိန်းကျော်သွားပြီဟု တရားဝင်ဆိုသော်လည်း ပြီးခဲ့သောရက်များအတွင်းကပင် အချို့သော ရွှေဆိုင်ကြီးများက ဆယ်သိန်းအထိရှိနေကြောင်း ဝယ်သူအချို့ထံမှ ကြားသိရ သည်။

ရန်ကုန် (၂၉)လမ်းအတွင်း ရွှေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအချို့က "ဆယ်သိန်းကျော်ဆိုတဲ့ ငွေပမာဏကို စတင်ကြားတော့ ဒေါ်လာဈေးက မတည်ငြိမ်တာရယ်၊ ဝါကျွတ်ပွဲတော်ကလည်း နီးလာတာရယ်။ ဒါကြောင့် သီတင်းကျွတ်ပွဲတော်ပြီးတဲ့အထိတော့ ဆယ်သိန်းတန်းအကျော်မှာပဲ ဆက်လက် ရှိနေဦးမှာပဲ"ဟု သုံးသပ်ပြောကြားကြသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က "အဓိကကတော့ ဒေါ်လာဈေး မြင့်မြင့်လာလို့ မြန်မာ့ရွှေဈေးတက်ရခြင်းအကြောင်းရင်းပဲ။ ဒါပေမယ့် ရွှေဈေးရဲ့ထုံးစံက အတက်အကျဆိုတာရှိပါတယ်။ မကြာခင် တရုတ်-အမေရိကန်ခေါင်းဆောင်ပိုင်းတွေ တွေ့ဆုံပြီးတဲ့နောက် ကမ္ဘာ့စီးပွားရေးအခြေအနေကလည်း စကားပြောလာဦးမှာပါ။ ဆက်တော့စောင့်ကြည့်ရမယ့် အနေအထားပါပဲ"ဟု သုံးသပ်ပြောသည်။

မြန်မာ့ရွှေဈေးတက်ရခြင်းမှာ ဒေါ်လာဈေးတက်လာခြင်းကြောင့်ဟု သုံးသပ်မှုအပေါ် ပြီးခဲ့သော ဩဂုတ်လအတွင်းက ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက သိသာနိုင်ပေသည်။ ဩဂုတ်လလယ်ရက်များတွင် ကမ္ဘာ့ရွှေဈေး တဖြည်းဖြည်းကျဆင်းခဲ့သော်လည်း ဒေါ်လာဈေးမငြိမ်သက်မှုကြောင့် မြန်မာ့ရွှေဈေးမှာ အတက်ဘက်သို့သာ ဦးမော့နေခဲ့သည်။

"ဒီနေ့ လမ်းမတော်၊ လသာမြို့နယ်အတွင်းရှိ ရွှေဆိုင်ကြီးများတွင်လူများစည်ကားနေတယ်။ ဒါကလည်း ဝယ်တဲ့လူချည်းပဲ မဟုတ်နိုင်ဘူး။ ရွှေဈေးကတက်နေတယ်။ အရင်အနိမ့်ဈေးနဲ့ဝယ်ထားသူတွေက အမြတ်ရလို့ ပြန်ရောင်းနေကြတာလည်းရှိတယ်။ အချို့ကလည်း ဒီထက်တက်လာဦးမယ်ထင်ပြီး ရွှေအပိုင်း(အခေါက်ရွှေ)ဝယ်စုကြတာလည်းရှိနေတယ်။ ကျွန်တော့်အထင်ပြောရရင် ဝယ်တဲ့သူထက် ပြန်ရောင်းတဲ့သူက ပိုများလိမ့်မယ်" ဟု ဦးအေးချိုက သုံးသပ်ပြောကြားသည်။

ယနေ့ညနေ ဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ ၁၁၉၉ ဒေါ်လာ၊ မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၁၀၀၇၃၀၀၊ ဒေါ်လာဈေးမှာ ၁၅၈၀ ရှိနေကြောင်း သိရသည်။

**တင်ဝင်းတင်**

ကြေးမုံ



# ကြားဖြတ်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီပေါင်း ၂၄ ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးနဲ့ တစ်သီးပုဂ္ဂလ အမည်စာရင်းတင်သွင်းတဲ့ပုဂ္ဂိုလ် ခုနစ်ဦး စုစုပေါင်း ၆၉ ဦး တင်သွင်းတာကို တွေ့ရှိရပါတယ်

ဦးဇော်နောင်လတ်

## ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ ရှေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပ

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ ရှေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်၊ ဦးစီးအရာရှိ ဒေါ်ဟေသူဆွေမွန်နှင့် ဒေါ်မေဇွန်သော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

ရှင်မင်း

**ဦးမြင့်နိုင်** ॥ ॥ ဒီနေ့မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရှေ့ခရီးစဉ် ခေါင်းစဉ်နဲ့ ဆွေးနွေးကြမယ်။ အခု ကြားဖြတ်ရွေးကောက်ပွဲကလည်းပဲ နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပတော့မယ်။ အခု ကြားဖြတ်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းစာရင်း တင်ပြီးပြီ။ ကိုယ်စားလှယ်လောင်းစာရင်း တင်ရမယ့်ရက်ကလည်း ပြည့်သွားပြီးပြီ။ အဲဒီတော့ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွေကလည်းပဲ ဒီကိုယ်စားလှယ်လောင်း အမည်စာရင်းတွေကို စိစစ်ပြီးတော့မှ အတည်ပြု ကြေညာပြီးပြီ။ အတည်ပြုကြေညာပြီးတာနဲ့တစ်ပြိုင်နက်တည်း ကိုယ်စားလှယ်လောင်းတွေက မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွေ လုပ်ရတော့မယ်။

### အားကြိုးမာန်တက် ဆောင်ရွက်

မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွေ လုပ်တဲ့အခါ ကိုယ်စားလှယ်လောင်းတစ်ဦးရဲ့လုပ်ငန်းတွေကို ကြည့်လိုက်မယ်ဆိုရင် ဒီအချိန်တိုအတောအတွင်းမှာ များစွာသော လုပ်ငန်းတွေကို အားကြိုးမာန်တက် ဆောင်ရွက်ရမယ့်သဘောရှိပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်ပွဲကျင်းပပြီးနောက် သူ့မှာလုပ်ဆောင်ရမယ့်လုပ်ငန်းတာဝန်တွေက များပြားတဲ့အခါ ဒါတွေကို ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းတွေ သိနိုင်အောင်ဆိုပြီးတော့မှ အနှစ်ချုပ်ပြီးတော့ ဘယ်လိုအချက်အလက်တွေ၊ သူတို့မှာ ဘာအခွင့်အရေးတွေရှိသလဲ၊ မဲဆွယ်စည်းရုံးတဲ့ လုပ်ငန်းတွေလုပ်ရာမှာ သူတို့က ဘာအချက်တွေကို ဆောင်ရွက်ရမလဲ၊ ဘာအချက်တွေကို ရှောင်ရမလဲ၊ ဒါလေးတွေကို ဆွေးနွေးကြမယ်။ အခု ဒီကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ဘယ်နှဦး တင်ထားပြီးပြီလဲ၊ အရေအတွက် ဘယ်လောက်ရှိပြီလဲ၊ နောက်ပါတီပေါင်း ဘယ်နှခုက တင်ထားသလဲ၊ ဒါလေးတွေ ဦးဇော်နောင်လတ်က အရင်ဆုံး ဆွေးနွေးပြောပြပေးပါဦး။

### အမည်စာရင်း ၆၉ ဦး တင်သွင်း

**ဦးဇော်နောင်လတ်** ॥ ॥ ဟုတ်ကဲ့ပါ၊ ကြားဖြတ်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုကို လေ့လာကြည့်တဲ့အခါ နိုင်ငံရေးပါတီပေါင်း ၂၄ ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးနဲ့ တစ်သီးပုဂ္ဂလ အမည်စာရင်းတင်သွင်းတဲ့ ပုဂ္ဂိုလ် ခုနစ်ဦး စုစုပေါင်း ၆၉ ဦး တင်သွင်းတာကို တွေ့ရှိရပါတယ်။

**ဦးမြင့်နိုင်** ॥ ॥ အဲဒီထဲမှာ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ဘယ်နှဦးလောက်ပါသလဲ။

**ဦးဇော်နောင်လတ်** ॥ ॥ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအနေနဲ့ ခုနစ်ဦးပါတာကို တွေ့ရှိရပါတယ်။

**ဦးမြင့်နိုင်**॥ ॥ နိုင်ငံရေးပါတီ ၂၄ ပါတီက ပါဝင်ယှဉ်ပြိုင်ကြမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းတဲ့ ပါတီတွေ၊ အဲဒီပါတီတွေက ဘယ်ပါတီတွေ ဆိုတာလဲ ဦးဇော်နောင်လတ်က ဆက်ပြီးဆွေးနွေးပေးပါဦး။



ဦးမြင့်နိုင်



ဦးဇော်နောင်လတ်



ဒေါ်မေဇွန်သော်

**ဦးဇော်နောင်လတ်**॥ ॥ ဟုတ်ကဲ့ပါ ခင်ဗျ။ လစ်လပ်မဲဆန္ဒနယ် ၁၃ နယ်မှာ အများဆုံး တင်သွင်းတဲ့ ပါတီကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဖြစ်ပါတယ်။ ဒီလစ်လပ် မဲဆန္ဒနယ် ၁၃ နယ်မှာ ၁၀ နေရာကို ဝင်ရောက်ယှဉ်ပြိုင်တာကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဖြစ်ပါတယ်။ ကျန်တဲ့ ပါတီတွေကတော့ လစ်လပ် မဲဆန္ဒနယ်မှာ လေးဦး၊ သုံးဦး၊ နှစ်ဦး စသည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြတာကို တွေ့ရှိရပါတယ်။

### အတည်ပြုကြေညာပေးပြီးပြီ ဖြစ်

**ဦးမြင့်နိုင်** ॥ ॥ ဒီလွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အမည်စာရင်း တင်သွင်းဖို့ ရက်တွေက ကုန်ဆုံးသွားပြီးပြီ။ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်ကလည်း စိစစ်ပြီးသွားပြီ။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတွေကိုလည်း အတည်ပြုကြေညာပေးပြီးပြီ ဖြစ်ပါတယ်။

**ဦးဇော်နောင်လတ်** ॥ ॥ ကျွန်တော် တို့ ဩဂုတ်လ ၆ ရက်နေ့မှာ အမည်စာရင်းတွေ ကြေညာခဲ့ပါတယ်။

**ဦးမြင့်နိုင်** ॥ ॥ ဩဂုတ်လ ၆ ရက်နေ့က မဲဆန္ဒနယ်အားလုံး ၁၃ နယ်က တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ အမည်စာရင်းတွေကို အတည်ပြုပြီးတော့ ပုံစံ(၁၀)နဲ့ ကြေညာရတယ်။ အဲဒါကို သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေမှာလည်း ကပ်တယ်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှာလည်း ကပ်တယ်။ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်မှာလည်း ကပ်တယ်။ မဲဆန္ဒရှင်တွေ အားလုံး သိအောင်ကပ်တာဆိုတော့ ဒီနေရာမှာ လစ်လပ်တာက ရှမ်းတိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ်တစ်နေရာ ရှိတယ်။ မန္တလေးတိုင်းဒေသကြီးကပါ။ သူ့အတွက်ကတော့ တိုင်းကော်မရှင်အဖွဲ့ခွဲ၊ မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲကလည်း ကပ်တယ်။ ခရိုင်ရော၊ မြို့နယ်ရော၊ ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွေမှာ ကပ်ထားကြေညာပေးတယ်။ ဒါနဲ့ တစ်ဆက်တည်းပဲ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်စည်းရုံးဖို့ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာပေးတယ်။ ကြေညာပြီးရင် ကြေညာတဲ့အတိုင်းပဲ သူတို့က မဲဆွယ်စည်းရုံးမှု လုပ်တော့မှာပါ။ ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲမှာ မဲဆွယ်စည်းရုံးခွင့်ဘယ်နှလပေးတယ်ဆိုတာ ပြန်ပြီးဆွေးနွေးပေးပါဦး။

### စည်းရုံးရေးကာလ သတ်မှတ်ပေးခဲ့

**ဒေါ်မေဇွန်သော်** ॥ ॥ ဟုတ်ကဲ့ရှင့်။ အဲဒီတုန်းကတော့ ရက်ပေါင်း ၆၀ ပေးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့တာပါ။ အဲဒီမှာဆိုရင် မဲဆွယ်စည်းရုံးခွင့်ကာလကတော့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ကနေပြီးတော့ ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိကို မဲဆွယ်စည်းရုံးရေးကာလအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

**ဦးမြင့်နိုင်** ॥ ॥ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာလည်းပဲ ရက်ပေါင်း ၆၀ အတွင်း ခုနကပြောတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအနေနဲ့ ရွေးကောက်ခံနိုင်ရေးအတွက် မဲဆွယ်စည်းရုံးမှုတွေ လုပ်ကြရတော့မယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ အမည်စာရင်းတင်သွင်းထားမှုမှာလည်းပဲ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွေက စိစစ်ပြီးပြီ၊ စိစစ်လိုက်ပြီပေါ့၊ စိစစ်လိုက်တဲ့အခါ အခု မဲဆန္ဒနယ် ၁၃ နယ်လုံးမှာ ကန့်ကွက်မယ့်သူ မရှိပါဘူး၊ ကန့်ကွက်တဲ့သူ မရှိဘူး၊ အမည်စာရင်းတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အားလုံးကိုပဲ အတည်ပြုတယ်၊ အတည်ပြုပြီးတော့ ဩဂုတ် ၆ ရက်က ပုံစံ(၁၀)နဲ့ အတည်ပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ကြေညာခဲ့တယ်။ အဲဒီလို ကြေညာတဲ့နေရာမှာလည်း မဲဆန္ဒရှင်ပြည်သူတွေသိအောင် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှာလည်း ကပ်တယ်၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးမှာလည်း ကပ်တယ်၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးမှာလည်း ကပ်တယ်။

### မဲဆွယ်ယှဉ်ပြိုင်ခွင့်ရ

မန္တလေးတိုင်းဒေသကြီးမှာ ရှမ်းတိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးရှိတဲ့အခါ မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲရုံးမှာလည်း ကပ်တယ်၊ နောက်ပြီးတော့ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှာလည်း ကပ်တယ်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ နောက်ရပ်ကွက်နဲ့ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံး၊ ဒါတွေကိုလည်းပဲ အသိပေးကပ်မှာပါ။ အဲဒီလို ပုံစံ(၁၀)နဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကပ်ထားကြေညာပြီးရင်တော့ဖြင့် အဲဒီ ပုံစံ(၁၀)မှာပါတဲ့ လွှတ်တော် ကိုယ်စားလှယ်လောင်းတွေက မဲဆွယ်ယှဉ်ပြိုင်ခွင့်ရမယ်။ မဲဆွယ်ယှဉ်ပြိုင်ခွင့်ရသွားပြီ။ သူတို့ကို မဲဆွယ်စည်းရုံးနိုင်အောင်လို့လည်းပဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တစ်ဆက်တည်းပဲ ကြေညာချက်ထုတ်ပြီးတော့ မဲဆွယ်စည်းရုံးခွင့်လည်းပဲ သတ်မှတ်ပေးတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေက သူတို့ရွေးကောက်ခံနိုင်ရေးအတွက် မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်ရတယ်။ မဲဆွယ်စည်းရုံးမှုတွေပြုလုပ်တဲ့အခါမှာ သူတို့မှာ ဘယ်လိုအခွင့်အရေးတွေရှိလဲ၊ ဥပဒေက ဘယ်လိုပြဋ္ဌာန်း ထားတယ်ဆိုတာကိုလည်း ဆွေးနွေးစေချင်ပါတယ်။

### အခမဲ့ကူးယူခွင့်ရှိ

**ဒေါ်မေဇွန်သော်** ॥ ॥ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးရဲ့ အခွင့်အရေးတွေက နံပါတ်တစ်အနေနဲ့ တရားဝင် နောက်ဆုံးထုတ်ပြန်ကြေညာလိုက်တဲ့ မဲစာရင်းတစ်စုံကို အခမဲ့ကူးယူခွင့်ရှိပါတယ်။ နံပါတ်နှစ်အနေနဲ့ မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူ တစ်ဦးဦးကိုဖြစ်စေ မိမိ၏ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိပါတယ်။ နံပါတ်သုံးအနေနဲ့ မဲရုံအသီးသီး၌ မိမိ၏ ကိုယ်စားဆောင်ရွက်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူကိုယ်စားလှယ် တစ်ဦးခန့်ထားခွင့်ရှိပါတယ်။ နံပါတ်လေးက လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း မဲဆွယ်စည်းရုံးဟောပြောခွင့်နှင့် ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခွင့်ရှိပါတယ်။ နံပါတ်ငါးက မဲဆွယ်စည်းရုံးရာတွင် သတ်မှတ်ထားသည့်အတိုင်း ငွေကျပ်သိန်းတစ်ရာအထိ သုံးစွဲခွင့်ရှိပါတယ်။ နံပါတ်ခြောက်က ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲရုံတွင် ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲပေးခြင်း လက်မှတ်များကို ရေတွက်ခြင်းစသည့် လုပ်ငန်းစဉ်အားလုံးကြည့်ရှုခွင့်ရှိပါတယ်။ နံပါတ်ခုနစ်က ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားချက်များနှင့်အညီ တိုင်တန်းလျှောက်ထားခွင့်ရှိပါတယ်။ နံပါတ်ရှစ်က ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်လိုလျှင် သတ်မှတ်ထားချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာ တင်သွင်းနိုင်ခွင့်ရှိပါတယ်ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ॥ ॥ ဒါကတော့ အနှစ်ချုပ်လေးပါ။ သေသေချာချာကတော့ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေတွေကို လေ့လာရဦးမှာပါ။ အဓိက အခွင့်အရေးတွေပေါ့။ ဒါတွေကို သိသင့်တယ်။ ခုနက ဆွေးနွေးတဲ့အထဲမှာပါတဲ့ သတ်မှတ်ထားတဲ့အတိုင်း ငွေကျပ်သိန်းတစ်ရာအထိ သုံးစွဲနိုင်တယ်ဆိုတော့ အဲဒီသိန်းတစ်ရာက ဘယ်လိုလဲဆိုတာ ပြောပြပေးပါဦး။

### ကုန်ကျစရိတ်ကို ကျခံခွင့်ရှိ

**ဒေါ်မေဇွန်သော်**॥ ॥ ကျွန်မနားလည်တာကတော့ ကိုယ်ပိုင်ငွေကြေးနဲ့ ဖြစ်စေ၊ ပြည်တွင်းမှာရှိတဲ့ နိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့များကဖြစ်စေ တရားဝင်ရရှိထားတဲ့ ငွေကြေးတွေထဲက ထည့်ဝင်လှူဒါန်းတဲ့ ငွေနဲ့သော်လည်းကောင်း၊ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းက ထောက်ပံ့တဲ့ ငွေကြေးနဲ့သော်လည်းကောင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်ကို ကျခံခွင့်ရှိတယ်လို့ နားလည်ထားပါတယ်။

**ဦးမြင့်နိုင်** ॥ ॥ မှန်ပါတယ်။ ဒါပေမယ့် သိန်းတစ်ရာ ထက်တော့ မပိုရဘူး။ သိန်းတစ်ရာထက်တော့ ပိုမသုံးနဲ့။ ခုနကပြောတဲ့ ငွေကြေးတွေကို သုံးစွဲနိုင်တယ်။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုတွေ ကျူးလွန်ရင်လည်းပဲ သတ်မှတ်ထားတာတွေနဲ့အညီ တိုင်တန်းနိုင်တယ်။ ဒါကို ဘယ်လိုသတ်မှတ်ထားသလဲ။

**ဒေါ်မေဇွန်သော်** ॥ ॥ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု ကျူးလွန်တယ်ဆိုရင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကျူးလွန်တဲ့သူတွေကို သက်ဆိုင်ရာ မဲဆန္ဒနယ်မှာရှိတဲ့ မဲဆန္ဒရှင်တစ်ဦးဦးကပဲ ဖြစ်ဖြစ်၊ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကပဲဖြစ်ဖြစ်၊ ရွေးကောက်ပွဲကိုယ်စားလှယ်ကပဲ ဖြစ်ဖြစ်၊ သက်ဆိုင်ရာမဲရုံမှာရှိတဲ့ ကော်မရှင်အဖွဲ့ဝင်၊ မဲရုံအဖွဲ့ တစ်ခုခုမှာ ပါဝင်တဲ့ အဖွဲ့ဝင်က သက်သေ အထောက်အထား ခိုင်လုံစွာနဲ့ ရွေးကောက်ပွဲမကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပသောနေ့ကနေ ၁၅ ရက်အတွင်း ဥပဒေနဲ့အညီ တိုင်တန်းလျှောက်ထားနိုင်ပါတယ်။

### ၁၅ ရက်အတွင်း တိုင်တန်းခွင့်ရှိ

**ဦးမြင့်နိုင်** ॥ ॥ ဒါကလည်း သတိပြုရမှာပါ။ ရွေးကောက်ပွဲပြီး ၁၅ ရက်နောက်ပိုင်းဆိုရင်တော့ တိုင်တန်းလို့မရတော့ဘူး။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေနဲ့ ဒီအခွင့်အရေးရှိတယ်။ ရွေးကောက်ပွဲဆိုင်ရာဥပဒေ အခန်း ၁၃ မှာ ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုတွေ ကျူးလွန်ခဲ့တယ်ဆိုရင် ရွေးကောက်ပွဲမကျင်းပမီပဲ ဖြစ်ဖြစ်၊ ရွေးကောက်ပွဲ ကျင်းပနေချိန်မှာပဲဖြစ်ဖြစ် ရွေးကောက်ပွဲ ကျင်းပပြီးနောက် ၁၅ ရက်အတွင်း တိုင်တန်းခွင့်ရှိတယ်။

စာမျက်နှာ ၁၀ သို့ ❒

# ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးစောဝင်းထွန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးစောဝင်းထွန်း**

(မောင်ဆွန်းခ)၊ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အထွေထွေအတွင်းရေးမှူး စောဝင်းထွန်းဖြစ်ပါတယ်။ "မကြာခင်ကျင်းပတော့မယ့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေ (၂) မြစ်ကြီးနားမြို့နယ်အတွက် အမျိုးသားလွှတ်တော် တစ်နေရာမှာ ကျွန်တော်တို့ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းကတော့ မြစ်ကြီးနားမြို့မှာနေထိုင်တဲ့ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်း ဖြစ်ပါတယ်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ပါတယ်ဆိုတာကို ဦးစွာပထမအသိပေးတင်ပြလိုပါတယ်။

ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီရဲ့ ရည်ရွယ်ချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များကို မဲဆန္ဒရှင်မိဘပြည်သူများအား ပါတီရဲ့ကိုယ်စား ဆက်လက်မတင်ပြခင်မှာ ရှမ်းနီဆိုတာဘာလဲ သိရှိရအောင် နောက်ခံသမိုင်းအကျဉ်းချုပ်ကို အနည်းငယ်တင်ပြလိုပါတယ်။

လက်ရှိအတည်ပြုထားတဲ့ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးထဲမှာ ရှမ်းနီလူမျိုးဟာ ရှမ်းမျိုးနွယ်အုပ်စု ၃၃ မျိုးထဲမှာ ပါဝင်တဲ့ လူမျိုးဖြစ်ပြီး ကုတ်နံပါတ်အားဖြင့် ၈၀၃ ရှမ်းကလေးအနေဖြင့်လည်းကောင်း၊ ကုတ်နံပါတ် ၈၂၈ ဖြင့် တိုင်းလျန်အဖြစ်လည်းကောင်း ဖော်ပြထားပါတယ်။ လက်ရှိရှမ်းပြည်နယ်အတွင်းရှိ ရှမ်းလူမျိုးများအား ဒေသအခေါ်အားဖြင့် ရှမ်းကြီးလို့ ခေါ်ဆိုကြသလို မြေပြန့်ဒေသမှာ နေထိုင်ကြတဲ့ ကျွန်တော်တို့လူမျိုးကို ဒေသအခေါ် (ရှမ်းကလေး၊ ရှမ်းဗမာ၊ ရှမ်းနီ)လို့၊ ရှမ်းဘာသာစကားအသံဖြင့် (တိုင်းလျန်၊ တိုင်းလိုင်၊ တိုင်းနိုင်း)လို့ ခေါ်ဆိုသမုတ်ကြတဲ့ တရားဝင် တိုင်းရင်းသား ရှမ်းမျိုးနွယ်စု တစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းနီလူမျိုးနဲ့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသအတွင်းရှိ မျိုးနွယ်စုများဖြစ်တဲ့ (တိုင်းခန္တီး၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းကဒူး၊ တိုင်းကနန်း)တို့ဟာ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း ဝင်ရောက်အခြေချ နေထိုင်ခဲ့ကြပြီးဖြစ်ပါတယ်။ အခြားလူမျိုးများရဲ့ နယ်မြေကို အနိုင်ကျင့်တိုက်ခိုက်၊ လုယူခဲ့ခြင်းမျိုး မဟုတ်ဘဲ နယ်သစ်၊ ပယ်သစ်ရှာဖွေတွေ့ရှိပြီး ခုတ်ထွင်ရှင်းလင်းကာ (ခားမဦးချ) အခြေချနေထိုင်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အုပ်ချုပ်မှုအတတ်ပညာ၊ စစ်ရေးအတတ်ပညာတွေကိုလည်း အဲဒီကာလကတည်းက အဆင့်မြင့်ထွန်းကားနေခဲ့ပြီး ဖြစ်ပါတယ်။ ဘိုးဘေး၊ ဘီဘင်ကတည်းက သမိုင်းအဆက်ဆက်နေထိုင်ခဲ့ကြတဲ့ ကျွန်တော်တို့ ရှမ်းနီလူမျိုးများရဲ့ဒေသဟာ ယခုလက်ရှိပထဝီမြေပုံနဲ့ အုပ်ချုပ်ပုံစနစ်အရ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းနယ်မြေမှာ (ကလေး၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီး၊ နန်းယွန်း၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူး၊ ဗန်းမောက်) ၁၄ မြို့နယ်နဲ့ ကချင်ပြည်နယ်မှာ (မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မံစီ) ၁၀ မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ (မိုးမိတ်နဲ့ မဘိမ်း) နှစ်မြို့နယ် စုစုပေါင်း မြို့နယ် ၂၂ မြို့နယ်မှာ အဓိကနေထိုင်ခဲ့ကြပြီး ယခုထက်တိုင် နေထိုင်နေကြဆဲဖြစ်ပါတယ်။

အချုပ်အားဖြင့်ပြောရရင် ကြီးမားကျယ်ပြန့်တဲ့ နယ်မြေဒေသကြီးမှာ မြို့များ၊ ရွာများ၊ လယ်မြေများ၊ တောတောင်များ (တစ်ဆက်တစ်စပ်တည်း) တည်ရှိနေတဲ့အပြင် ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်း အထောက်အထား၊ စာပေများ အပြည့်အဝရှိနေတဲ့အပြင် လူဦးရေအားဖြင့်လည်း သန်းနဲ့ချီပြီး နေထိုင်နေကြဆဲ (ရှမ်းနီလူမျိုး) များ ဖြစ်တယ်ဆိုတာကို မိဘပြည်သူများအား အသိပေးတင်ပြလိုရင်းဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်အထက်မှာ တင်ပြခဲ့သလို လူမျိုးစုဒေသနဲ့ လူမျိုးများကို အခြေခံပြီး ပွင့်လင်းလာတဲ့ခေတ်၊ စနစ်အောက်မှာ ကျွန်တော်တို့ [ရှမ်းနီ (တိုင်းလိုင်)] နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီကို ၂၀၁၅ ခုနှစ် မေလအတွင်းမှာ တရားဝင်ဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့ပြီး ပြည်ထောင်စုနယ်မြေအားလုံးကို ကိုယ်စားပြုပါတီအနေနဲ့ မှတ်ပုံတင်ထားတဲ့ တိုင်းရင်းသားပါတီတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ပြည်ထောင်စုမဲဆန္ဒနယ်မြေအားလုံးကို ကိုယ်စားပြုနိုင်ခြင်းမရှိဘဲ မိမိတို့ရဲ့ တိုင်းရင်းသားဒေသ- မဲဆန္ဒနယ်မြေကိုသာ အကန့်အသတ်ဖြင့် ကိုယ်စားပြုခွင့်ရှိတာကြောင့် (ပြည်ထောင်စုအာဏာကို)ရယူနိုင်ခြင်းမရှိတဲ့အပြင် ပြည်နယ်မရှိတဲ့အတွက်လည်း (ပြည်နယ်အာဏာ/ ဒေသန္တရအာဏာ)ကိုလည်း ရယူနိုင်ခြင်းမရှိတာ ရိုးသားစွာတင်ပြလိုပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ပါတီဟာ- မိမိတို့ရဲ့ အခြေခံမဲဆန္ဒနယ်များမှ တစ်ဆင့် သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်ထောင်စုလွှတ်တော်များမှာ- ပါတီရဲ့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များမှ နယ်မြေဒေသနှင့် ဌာနေလူမျိုးများအတွက် ကိုယ်စားပြုနိုင်ခွင့်ရရှိနိုင်အောင် ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။ မည်သည့် အာဏာရှင်စနစ် (စစ်အာဏာရှင်ဖြစ်စေ၊ တစ်ပါတီအာဏာရှင်စနစ်ဖြစ်စေ)ကိုမျှ မလိုလားဘဲ မှန်ကန်သော ဒီမိုကရေစီစနစ်ဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်တဲ့ ပြည်သူလူထုက ရွေးကောက်တဲ့ မည်သည့်အစိုးရနဲ့ လွှတ်တော်မျိုးကိုမဆို ဝိုင်းဝန်းထောက်ခံဖို့ဟာ ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်တစ်ခုလည်း ဖြစ်ပါတယ်။ ထပ်တူအားဖြင့် (ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု) တည်ဆောက်ရေးကို ဦးမတည်တဲ့၊ ဆန့်ကျင်တဲ့ မည်သည့်အစိုးရနဲ့ လွှတ်တော်ကိုမဆို ဆန့်ကျင်ကန့်ကွက်သွားရမှာပဲ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာလည်း ရည်ရွယ်ချက်ချင်းတူညီသော အခြားတိုင်းရင်းသားအင်အားစုများ၊ တိုင်းရင်းသားပါတီများ၊ ဒီမိုကရေစီအင်အားစုများနဲ့အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေဟာ ဒီမိုကရေစီကို အပြည့်အဝကျင့်သုံးနိုင်ခြင်းမရှိသေးတဲ့အပြင် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနေရဆဲကာလဖြစ်တယ်ဆိုတာကို အလေးအနက်ထား သတိပြုရမှာ ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၅ အထွေထွေရွေးကောက်ပွဲများအပြီးမှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားတဲ့ လွှတ်တော်၊ အစိုးရအဖွဲ့အစည်းများဖြင့် တည်ရှိနေသော်လည်း ဒီမိုကရေစီကို အပြည့်အဝကျင့်သုံးနိုင်တဲ့ လွှတ်တော်နဲ့ အစိုးရဖြစ်ဖို့အတွက် အကန့်အသတ်၊ အဟန့်အတားများ ရှိနေဆဲဖြစ်တယ်ဆိုတာကို အားလုံးလက်ခံနားလည်ထားကြပြီး ဖြစ်ပါတယ်။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒီမိုကရေစီစနစ်ကို မတည်ဆောက်နိုင်ဘူးဆိုတာ လက်ရှိအရှိတရားပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းများ ပြုလုပ်ရမှာ ဖြစ်တယ်ဆိုတာကို အရပ်ဘက်၊ စစ်ဘက် အင်အားစုအားလုံးက နားလည်လက်ခံထားကြပြီးဖြစ်ပါတယ်။ ပြင်ဆင်ပြောင်းလဲရေးကိုသာ ဘယ်လိုပုံစံနဲ့ သွားကြမလဲဆိုတဲ့(နည်းနာ)အပိုင်းမှာသာ ချဉ်းကပ်မှုချင်း ကွဲပြားနေကြတယ်ဆိုတာ တွေ့ရှိကြမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ ပြည်သူလူထုများအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေကြပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်မှုရပါမှ အားလုံးလိုလားနေတဲ့ (၂၀၀၈) ဖွဲ့စည်းပုံပြင်ဆင်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးကို ဆုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ဒီညီလာခံရဲ့အစ ပထမအစဟာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA)၊ တစ်နည်းပြောရရင် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ဆိုတာကို သတိပြုကြရမှာဖြစ်ပါတယ်။ နှစ် (၇၀)ကြာ တည်ရှိနေတဲ့ တိုင်းရင်းသားများနဲ့ အစိုးရအဆက်ဆက်ရဲ့ ပဋိပက္ခကို လက်နက်ကိုင် မဖြေရှင်းကြဘဲ နိုင်ငံရေးပြဿနာဖြစ်တဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲများ၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးနည်းလမ်းကိုသာ အသုံးပြုပြီး ငြိမ်းချမ်းရေးတည်ဆောက်နေဆဲကာလ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ် အောင်မြင်ပါမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်နိုင်မှာပါ။ ဒီညီလာခံ အောင်မြင်မှသာ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတည်ဆောက်ရေး၊ ငြိမ်းချမ်းသာယာတဲ့၊ တန်းတူညီမျှမှုရှိတဲ့၊ တိုးတက်ကောင်းမွန်တဲ့ (ပြည်ထောင်စုစစ်စစ်) ဖြစ်ပေါ်လာနိုင်မယ်လို့ ကျွန်တော်တို့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ အလေးအနက်ခံယူထားပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေး အပြည့်အဝအောင်မြင်အောင် ကျွန်တော်တို့ပါတီနဲ့ ရှမ်းနီလူမျိုးများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်ထားရှိပြီး ဖြစ်ပါတယ်။

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမှ၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှ ကျွန်တော်တို့ ရှမ်းနီလူမျိုးအတွက် အခြားတိုင်းရင်းသားများနည်းတူ နိုင်ငံရေးအရ တန်းတူညီမျှမှု ရှိတဲ့၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိတဲ့ (ပြည်နယ်အသစ်/ နယ်မြေဒေသအသစ်) တစ်ခုကို (တရားသောနည်းလမ်း၊ ဥပဒေဘောင်ထဲကနည်းလမ်း)ဖြင့် တည်ဆောက်ပိုင်ခွင့်၊ ရယူပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့်ရှိမယ်ဆိုတာကို ကျွန်တော်တို့ပါတီမှ အလေးအနက်ယုံကြည်ချက်ထားရှိပါတယ်။ ဖြစ်ကိုဖြစ်ပေါ်လာရမယ်ဆိုတာကိုလည်း အပြည့်အဝသန္နိဋ္ဌာန်ချမှတ်ထားပါတယ်။



အချုပ်အားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဖြစ်စဉ်၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက် ရေးဖြစ်စဉ်များမှတစ်ဆင့် ဖြစ်ပေါ် လာမယ့် (ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသစ်)မှာ ရှမ်းနီနဲ့ မြောက်ပိုင်းရှမ်းမျိုးနွယ်စုများအတွက် အခြားတိုင်းရင်းသားများနည်းတူ နိုင်ငံရေးအရ တန်းတူညီမျှမှုရှိတဲ့ ပြည်ထောင်စုအဖွဲ့ဝင် တိုင်းရင်းသားလူမျိုးနဲ့ ဒေသတစ်ရပ်ဖြစ်ပေါ်လာရေးဟာ ကျွန်တော်တို့ပါတီရဲ့ အဓိက(မူဝါဒ)ဖြစ်သလို သမိုင်းပေးတာဝန်လည်း ဖြစ်တယ်ဆိုတာကို လေးစားစွာ တင်ပြလိုပါတယ်။

**မိဘပြည်သူများခင်ဗျား**

အနာဂတ်မှာဖြစ်ပေါ်လာမယ့် (စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စု) တည်ဆောက်ကြဖို့ တိုင်းရင်းသားများ၊ နိုင်ငံသားများအားလုံး လက်ခံထားကြပြီးဖြစ်တယ်လို့ ယုံကြည်ထားတဲ့အတွက် စစ်မှန်တဲ့ပြည်ထောင်စု တည်ဆောက်ရေးမှာ ဖြစ်ပေါ်လာမည့်အခက်အခဲများအားလုံးကို ကျော်လွှားပြီး ပါတီရဲ့ရည်မှန်းချက်များကို အေးချမ်းစွာ အကောင်အထည်ဖော်နိုင်မယ်လို့ အလေးအနက်ခံယူထားပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ပါတီဟာ ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်ကို လက်ခံထားခြင်းမရှိဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အခြားတိုင်းရင်းသားများနဲ့တန်းတူ အတူတကွ ယှဉ်တွဲနေထိုင်ကြရမှာ ဖြစ်တယ်ဆိုတာကို နားလည်ထားပါတယ်။ လူမျိုးကြီး၊ လူမျိုးငယ်၊ အင်အားကြီး၊ အင်အားသေး မခွဲခြားဘဲ ဗမာအပါအဝင် အခြားတိုင်းရင်းသားများ၊ အခြားနိုင်ငံသားများနဲ့ အေးချမ်းစွာနေထိုင်ကြရမှာလည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် (သစ်ပင်တစ်ပင်ချင်းကိုလည်း အလေးအနက်ထားရမယ့်အပြင် တောအုပ်တစ်ခုလုံးကိုလည်း လွှမ်းခြုံကြည့်ရမယ့် ကျယ်ပြန့်တဲ့အမြင်) ထားရှိရမယ်လို့ ခံယူထားပါတယ်။ မိမိတို့လူမျိုးနဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေး၊ ကောင်းမွန်သောစနစ် တည်ဆောက်ရေးများမှာ ဘာသာမရွေး၊ လူမျိုးမရွေး ခွဲခြားခြင်းမရှိဘဲ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

သမိုင်းကြောင်းအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ မှန်ကန်တဲ့ဖြစ်တည်မှုအရလည်းကောင်း မိမိတို့ဒေသနဲ့ လူမျိုးအတွက် ရပိုင်ခွင့်၊ အသိအမှတ်ပြုပိုင်ခွင့်၊ တည်ရှိပိုင်ခွင့်ကို (ဥပဒေဘောင်အတွင်းမှ) တောင်းဆိုခြင်းဟာ မိမိတို့ပါတီရဲ့ သမိုင်းပေးတာဝန်ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း အခြားတိုင်းရင်းသားများ၊ နိုင်ငံသားများရဲ့ ရပိုင်ခွင့်ကို အထိအခိုက်မရှိစေဘဲ ဆွေးနွေးရေးနည်းလမ်းများဖြင့် အေးချမ်းစွာ ညှိနှိုင်းအဖြေရှာသွားကြရမယ်လို့ ကျွန်တော်တို့ပါတီမှ လက်ခံထားပါတယ်။

အချုပ်အားဖြင့် ပြည်ထောင်စုအတွင်းမှာဖြစ်စေ၊ ဒေသတစ်ခုမှာဖြစ်စေ အတူနေတိုင်းရင်းသားများ၊ နိုင်ငံသားများနဲ့အတူ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်ပြီး ပြည်ထောင်စုအကျိုးစီးပွား၊ ဒေသအကျိုးစီးပွားများကို တရားမျှတစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုတာ မိဘပြည်သူများအား အသိပေးတင်ပြအပ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ရှမ်းနီ (တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီဟာ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ နိုင်ငံသားများ၊ တိုင်းရင်းသားများ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ တရားဥပဒေစိုးမိုးမှုရှိတဲ့၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့၊ ပြည်ထောင်စုစစ်စစ်နိုင်ငံတော် ဖြစ်ပေါ်လာရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားမယ့် ပါတီတစ်ရပ်ဖြစ်တယ်ဆိုတာကို မိဘပြည်သူများကို ရှင်းရှင်းလင်းလင်း အသိပေးတင်ပြပြီးဖြစ်ပါတယ်။ တိုင်းရင်းသားပါတီတစ်ရပ်အဖြစ် တည်ရှိနေသော်လည်း ကျယ်ပြန့်တဲ့ပြည်ထောင်စုအမြင်သဘောထားကိုလည်း အလေးအနက်သဘောထားကြောင်းကို သိရှိနိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် အခုကျင်းပမည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ကချင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မြေ (၂) မြစ်ကြီးနားမြို့နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကျွန်တော်တို့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီရဲ့ ကိုယ်စားလှယ်လောင်းကို ဒေသအကျိုးစီးပွား၊ ပြည်ထောင်စုအကျိုးစီးပွားများအတွက် ယုံယုံကြည်ကြည် ထောက်ခံပေးကြဖို့ မိဘပြည်သူအပေါင်းကို မေတ္တာရပ်ခံ တောင်းဆိုလိုက်ပါတယ်။

**ပါတီရဲ့ ဆောင်ပုဒ်ကတော့**

- (ဖက်ဒရယ်ပြည်ထောင်စုမှသည်- တန်းတူညီမျှရေးဆီသို့)
- (တန်းတူညီမျှရေးမှသည်- အတူယှဉ်တွဲနေထိုင်ရေးဆီသို့)

အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

# မြောက်ကိုရီးယားနှင့် အမေရိကန်ဆွေးနွေးနိုင်ရေး သမ္မတ မွန်း၏ခရီးစဉ် အထောက်အကူပြုမည်ဟုမျှော်လင့်

**ဆိုးလ် စက်တင်ဘာ ၁၈**
ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)နှင့် အမေရိကန် ပြည်ထောင်စုတို့အကြား ဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေးအတွက် အထောက်အကူဖြစ်ပေါ်ပါက မြောက်ကိုရီးယားသို့ သွားရောက်သည့် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်း၏ ခရီးစဉ်မှာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ၏ ပြန်ကြားရေးအတွင်းဝန် ယောင်ယွန်ချန်းက ကိုရီးယားကျွန်းဆွယ်ထိပ်သီးဆွေးနွေးပွဲနှင့် ပတ်သက်၍ မြို့တော်ဆိုးလ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



**မြောက်ကိုရီးယားသို့ ရောက်ရှိလာသည့် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ပြည်သူများအား လက်ပြနှုတ်ဆက်စဉ်။**

### အထူးအရေးကြီး

ကိုရီးယားနှစ်နိုင်ငံမှ ခေါင်းဆောင်များအကြား မကြာခဏတွေ့ဆုံဆွေးနွေးခြင်းသည် မိမိတို့နှစ်နိုင်ငံစလုံးအတွက် အထူးပင်အရေးကြီးလှကြောင်း၊ ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များအကြား ပုံမှန်ဆွေးနွေးခြင်းမျှသာ မဟုတ်တော့ဘဲ ခေါင်းဆောင်နှစ်ဦးဆန္ဒရှိလျှင်ရှိသည့်အတိုင်း တွေ့ဆုံဆွေးနွေးနိုင်သည့် အဆင့်သို့ ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း ယောင်ယွန်ချန်းက ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ မွန်းသည် ယခုနှစ်အတွင်း တတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲပြုလုပ်နိုင်ရန် မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းသို့ စက်တင်ဘာ ၁၈ ရက်က လေယာဉ်ဖြင့် ဆိုက်ရောက်လာရာ ခေါင်းဆောင်ကြီး ကင်ဂျုံအန်က လေဆိပ်တွင် ဆီးကြိုနှုတ်ဆက်ခဲ့သည်။

ဆုနန်းနိုင်ငံတကာလေဆိပ်တွင် ပြည်သူများက ပန်းများနှင့် အမျိုးသားအလံတော်များကို ဝှေ့ရမ်းကာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လေယာဉ်ပေါ်မှ ဆင်းသက်လာသော သမ္မတမွန်းနှင့် ခေါင်းဆောင်ကြီးကင်တို့က တစ်ဦးနှင့်တစ်ဦး အားပါးတရပွေ့ဖက်ကာ အပြုံးများဖလှယ်ခဲ့ကြသည်။

သမ္မတ မွန်းသည် သုံးရက်ကြာ ခရီးစဉ်အဖြစ် ပြုံယမ်းသို့ဆိုက်ရောက်လာခဲ့သည်။ တောင်ကိုရီးယားသမ္မတတစ်ဦး မြောက်ကိုရီးယားသို့ ခရီးသွားရောက်ခြင်းသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။

မြောက်ကိုရီးယား၏ အဏုမြူလက်နက်အစီအစဉ်ကို အကြောင်းပြု၍ ယင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား သံတမန်ရေးတင်းမာမှုများ ဖြေလျှော့နိုင်စေရေးအတွက် ကြားဝင်စေ့စပ်ပေးနိုင်မည်ဟု တောင်ကိုရီးယားသမ္မတမွန်းက မျှော်လင့်ထားသည်။

### မျှော်လင့်ဖွယ်ရှိ

မြောက်ကိုရီးယားခေါင်းဆောင်ကင်မှာမူ တောင်ကိုရီးယားနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်နိုင်ရန် မျှော်လင့်ချက် ထားရှိပုံရကြောင်း၊ စီးပွားရေးအရ အရေးယူပိတ်ဆို့ခံရမှုမှ လွတ်မြောက်နိုင်ရေး၊ ၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲ တရားဝင်ပြီးဆုံးခြင်းဆိုင်ရာ သဘောတူညီချက် ရရှိနိုင်ရေးတို့မှာလည်း မြောက်ကိုရီးယားနိုင်ငံက မျှော်လင့်ဖွယ်ရှိကြောင်း နိုင်ငံရေးလေ့လာဆန်းစစ်သူများက ပြောကြားကြသည်။

ပြီးခဲ့သည့် ဇွန်လက စင်ကာပူနိုင်ငံတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ကင်တို့ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်နိုင်ရေးအတွက် သမ္မတမွန်းက ကြားဝင်ညှိနှိုင်းပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ကိုရီးယားခေါင်းဆောင်နှစ်ဦးတို့၏ စက်တင်ဘာ ၁၈ ရက် ထိပ်သီးဆွေးနွေးပွဲအစမှာပင် ကင်က ထုတ်ဖော်ပြောဆိုခဲ့ကြောင်း တောင်ကိုရီးယားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတမွန်းတည်းခိုနေထိုင်ရာ ပတ်ဝါဝန်ဧည့်ဂေဟာ၌ ခေါင်းဆောင်နှစ်ဦး ဆွေးနွေးခဲ့ကြမှုမှာ နွေးထွေးမှုရှိလှကြောင်း သတင်းတွင် ဖော်ပြသည်။

### မျှော်လင့်

သံတမန်ရေးဆက်ဆံမှုအရ အပြုသဘောရလဒ်ကောင်းများကို ပေါ်ထွန်းစေလိမ့်မည်ဟု မြောက်ကိုရီးယားပြည်သူတို့က မျှော်လင့်ကြောင်း ကင်က ပြောကြားခဲ့သည်။

ငြိမ်းချမ်းသော ခေတ်သစ်တစ်ရပ်ကို ဖွင့်လှစ်ရန် ခေါင်းဆောင်ကြီးကင်က သတ္တိရှိရှိဆုံးဖြတ်ခဲ့ခြင်းမှာ ချီးကျူးဖွယ်ရာ ကောင်းလှကြောင်း သမ္မတမွန်းက တုံ့ပြန်ပြောကြားခဲ့သည်ဆို၏။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

# ရုရှားစစ်လေယာဉ် ပစ်ချခံရမှု အစ္စရေးသံအမတ်အား ဆင့်ခေါ်

**မော်စကို စက်တင်ဘာ ၁၈**
ဆီးရီးယားနိုင်ငံအနီး၌ ရုရှားစစ်ဘက်လေယာဉ်တစ်စင်း ပစ်ချခံရခြင်းအတွက် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ရုရှားဆိုင်ရာ အစ္စရေး သံအမတ်ကြီးအား စက်တင်ဘာ ၁၈ ရက်တွင် ဆင့်ခေါ်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

ရုရှားစစ်လေယာဉ်အား ဆီးရီးယား၏ လေကြောင်းရန် ကာကွယ်ရေးစနစ်က ပစ်ချခဲ့ခြင်းဖြစ်သော်လည်း အဆိုပါလေယာဉ် ပစ်ချခံရချိန်တွင် ယင်းဧရိယာအတွင်း၌ အစ္စရေးလေတပ်မှ ဂျက်တိုက်လေယာဉ်များ ပျံသန်းနေခဲ့ကြောင်း၊ ယင်းလေယာဉ်များက ရုရှားစစ်လေယာဉ်ကို ဆီးရီးယား လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ပစ်ကွင်းအတွင်းသို့ တွန်းပို့ပေးခဲ့ကြောင်း ရုရှားက ပြောကြားသည်။ ယင်းပြောကြားချက်နှင့် ပတ်သက်၍ အစ္စရေးအစိုးရက တစ်စုံတစ်ရာ မှတ်ချက်ပြု ပြောကြားခြင်း မရှိပေ။

ဆီးရီးယားနိုင်ငံအနီး ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့်ပတ်သက်၍ မေးမြန်းရန် အစ္စရေးသံအမတ်အား ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဆင့်ခေါ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ၎င်း၏ အင်တာနက် လူမှုကွန်ရက် မီဒီယာတွင် ရေးသားဖော်ပြသည်။

စက်တင်ဘာ ၁၇ ရက် ညနေခင်းပိုင်းက ဆီးရီးယားနိုင်ငံ လာတာကီရာမြို့အနီး တပ်ဖွဲ့ဝင် ၁၄ ဦး လိုက်ပါလာသည့် ရုရှားစစ်လေယာဉ် ပစ်ချခံရမှုမှာ အစ္စရေးတို့၏ တာဝန်မဲ့လုပ်ရပ်ကြောင့်ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် နံနက်အစောပိုင်းတွင် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုင်အီဂူက ပြင်းထန်စွာ ဝေဖန်ပြောကြားခဲ့သည်။ ရုရှားစစ်လေယာဉ်အား ဆီးရီးယားလေကြောင်းရန် ကာကွယ်ရေးစနစ်မှ တိုက်ခိုက်မှု မပြုမီ တစ်မိနစ်မျှသာလိုတော့ချိန်တွင် အစ္စရေးလေယာဉ်များက သတိပေးမှု တစ်ကြိမ်တည်း ပြုလုပ်ခဲ့ကြောင်း ရုရှားက ပြောကြားသည်။ ရုရှားကာကွယ်ရေးဝန်ကြီးက အစ္စရေးကာကွယ်ရေးဝန်ကြီး အဗီဒေါလီဗာမင်အား တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားရာတွင် ဆီးရီးယားနိုင်ငံအနီး၌ ရုရှားစစ်လေယာဉ် ပစ်ချခံရမှုအတွက် အစ္စရေးနိုင်ငံအား အပြည့်အဝ ပြစ်တင်ပုံချခဲ့သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ရုရှားနိုင်ငံက အလွန်အမင်း စိုးရိမ်ပူပန်ကြောင်း၊ ရုရှားအစိုးရအနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောထားနှင့်အတူ ရပ်တည်ကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က သတင်းထောက်များအား ပြောကြားသည်။ **အေအက်ဖ်ပီ**

# ဂျပန်လူမျိုး ကုဋေကြွယ်သူဌေး ပထမဆုံး အာကာသ ခရီးသည်ဖြစ်မည်

**ဟော်သရွန်း (ကာလီဖိုးနီးယား) စက်တင်ဘာ ၁၈**
စပေ့စ်အိပ်စ်ကုမ္ပဏီက ပထမဆုံး အာကာသခရီးသည်အဖြစ် ပို့ဆောင်ပေးမည့်ခရီးသည်မှာ မာအီဇာဝါ အမည်ရှိ ဂျပန်လူမျိုး ကုဋေကြွယ်သူဌေးတစ်ဦးဖြစ်ကြောင်း၊ ၎င်းအား ၂၀၂၃ ခုနှစ်တွင် အာကာသတွင်း လကမ္ဘာအား ဝန်းပတ်ပျံသန်းသော ခရီးစဉ်နှင့်အတူ လိုက်ပါစေပြီး မြေကမ္ဘာသို့ ပြန်လာမည်ဖြစ်ကြောင်း စပေ့စ်အိပ်စ် ကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် အီလွန်မာ့စ်က စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက ပြောကြားသည်။

### ပြောကြား

မိမိနှင့် မာအီမာဝါတို့သည် လကမ္ဘာသွား ယာဉ်စီးနင်းခ ကုန်ကျစရိတ်များကို ထုတ်ဖော်ပြောကြားခြင်း ပြုမည်မဟုတ်ကြောင်း အီလွန်မက်စ်က ပြောကြားသည်။

### ဖိတ်ကြားမည်

လကမ္ဘာသွား ခရီးစဉ်တွင် ပါဝင်လိုက်ပါကြရန် အနုပညာရှင် ခြောက်ဦးမှ ရှစ်ဦးအထိကို ဖိတ်ကြားသွားသည်ဟု အနုပညာပစ္စည်းများ စုဆောင်းသူတစ်ဦးဖြစ်သည့် မာအီဇာဝါက ပြောကြားသည်။ အဆိုပါ ခရီးစဉ်သည် ၎င်းတို့၏ အနုပညာလုပ်ငန်းများအတွက် စိတ်ဝင်စားမှုများ ဖြစ်ပေါ်စေမည့် နည်းလမ်းတစ်ခု ဖြစ်မည်ဟု ဆိုသည်။

အာကာသခရီးစဉ် စီမံချက်သည် မိမိအတွက် အလွန်လေးနက်ကြောင်း၊ လကမ္ဘာသို့ ခရီးသွားခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ပိုမို မြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း မီအီဇာဝါက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာ့ပထမဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထား ဂျာမနီနိုင်ငံ၌ ခရီးစဉ်စတင်ပြေးဆွဲ

**ဘရီမာဗို့ဒ် စက်တင်ဘာ ၁၈**
ကမ္ဘာ့ပထမဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ရထားသည် ခရီးစဉ်စတင်ပြေးဆွဲပြီ ဖြစ်ကြောင်း၊ ယင်းမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး စံနှုန်းများနှင့် ကိုက်ညီသော နည်းပညာသစ်ဖြင့် သယ်ယူပို့ဆောင်သည့် ခေတ်တစ်ခေတ်ကို စတင်လိုက်ခြင်းပင် ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။




### စိန်ခေါ်

ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သော ဒီဇယ်ရထားစက်ခေါင်းများက သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကာလကြာရှည်စွာ တွင်ကျယ်လာခဲ့မှုကို နည်းပညာအရ စိန်ခေါ်မှုတစ်ရပ်အဖြစ် ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားစက်ခေါင်းများကို ဂျာမနီနိုင်ငံတွင် စတင်အသုံးပြုပြီ ဖြစ်သည်။

### ပို့ဆောင်ပေးနိုင်

ဒီဇယ်စွမ်းအင်သုံး ရထားစက်ခေါင်းများနှင့် နှိုင်းယှဉ်လျှင် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ရထားစက်ခေါင်းမှာ ထုတ်လုပ်မှုစရိတ် ပိုမိုကြီးလေးသော်လည်း ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော နည်းပညာဖြင့် သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ပြင်သစ် တီဂျီဗွီ ရထားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော အယ်လ်စတမ်ကုမ္ပဏီက တည်ဆောက်ခဲ့သော ကော်ရာဒီယာ အိုင်လင့်ဟု အမည်ပေးထားသည့် ရထားသည် ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ မြို့ကြီး၊ မြို့ငယ်များ ဖြစ်သော ကပ်စဟာဘင်၊ ဘရီမာဟာဘင်၊ ဘရီမာဗို့ဒ်နှင့် ဘတ်တဲဟုဒ်မြို့များတစ်လျှောက် သွယ်တန်းတည်ရှိနေသော ရထားလမ်းတွင် စတင်ခုတ်မောင်းနေပြီဖြစ်သည်။ ယင်းရထားလမ်းတွင် ပုံမှန်အားဖြင့် ဒီဇယ်စွမ်းအင်သုံး ရထားများက တွင်ကျယ်စွာ နေရာယူထားသည်။

### အသင့်ရှိ

ကမ္ဘာ့ပထမဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားသည် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းအတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားများကို တစ်စင်းပြီးတစ်စင်း ဆက်လက်ထုတ်လုပ်သွားရန် အသင့်ရှိကြောင်း အယ်လ်စတမ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဟင်နရီပူးပတ်လာဖာ့ဂျ်က ဘရီမာဗို့ဒ်မြို့၌ကျင်းပသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

### ရည်မှန်း

ပြင်သစ်နိုင်ငံသည် ၂၀၂၂ ခုနှစ်ထက်နောက်မကျဘဲ ပထမဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားကို အသုံးပြုရန် ရည်မှန်းထားသည်။ ဗြိတိန်၊ နယ်သာလန်၊ ဒိန်းမတ်၊ နော်ဝေ၊ အီတလီနှင့် ကနေဒါနိုင်ငံတို့ကလည်း ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထား အသုံးပြုရန် ဦးတည်လျက်ရှိကြသည်။ **အေအက်ဖ်ပီ**

# အမေရိကန်ဒေါ်လာ သုံးသောင်းကျော်ချီးမြှင့်မည့် မြန်မာနိုင်ငံ၏ပထမဆုံးသော အီလက်ထရွန်နစ်ဂိမ်းပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**
အအောင်မြင်ဆုံး မိုဘိုင်းဂိမ်းတစ်ခုဖြစ်သည့် Mobile Legends: Bang Bang ထုတ်လုပ်သည့် Moonton၊ HOG Esports နှင့် မြန်မာနိုင်ငံအီလက်ထရွန်နစ် အားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် ဆုကြေးငွေအများဆုံး ရရှိမည့် Mobile Legends Professional League (MPL-Myanmar) အီလက်ထရွန်နစ်ဂိမ်းပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်တွင် စတင်ကျင်းပ သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ကမာရွတ်မြို့နယ်ရှိ HOG Esports Center တွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။



အဆိုပါ အီလက်ထရွန်နစ်ဂိမ်းပြိုင်ပွဲကို မြန်မာကစားသမားများအတွက် သီးသန့်ပြုလုပ်ပေးထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အီလက်ထရွန်နစ်အားကစား အဖွဲ့အစည်းများနှင့် ကစားသမားများအတွက် အရေးပါသည့် ပြိုင်ပွဲတစ်ခုဖြစ်ကာ ဆုကြေး ဒေါ်လာ ၃၀၀၀၀ ကျော် ချီးမြှင့်မည့်အပြင် နိုင်ငံတကာပြိုင်ပွဲများသို့ တက်လှမ်းနိုင်မည့် အခွင့်အလမ်းများပါ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"MPL-Myanmar အီလက်ထရွန်နစ်ဂိမ်းပြိုင်ပွဲ ပထမဆုံးပြိုင်ပွဲရာသီစတင်တော့မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ အီလက်ထရွန်နစ် အားကစားလည်း အလျင်အမြန်တိုးတက်လာမယ်လို့ မျှော်လင့်ထားပါတယ်။ ဆက်လက်ပြီးလည်း Mobile Legends နဲ့ Mobile Esports ကနေ မြန်မာနိုင်ငံက ကစားသမားတွေအတွက် MPL ဒုတိယရာသီ၊ တတိယရာသီတွေအပြင် MLBB MM Diamond Challenge Series ဆိုတဲ့ ပြိုင်ပွဲအသစ်ကိုလည်း နောက်နှစ်မှာ ပြုလုပ်သွားဖို့ရှိပါတယ်"ဟု Moonton ကုမ္ပဏီမှ Esports မန်နေဂျာ Mr.Lius Andre Saputra က ပြောသည်။

ပြိုင်ပွဲ၏ အွန်လိုင်းလက်ရည်စစ်ပွဲအဖြစ် ပထမအဆင့်ကို စက်တင်ဘာ ၂၉၊ ၃၀ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအဆင့်ကို အောက်တိုဘာ ၆၊၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆင့်နှစ်ခုမှ အသင်းလေးသင်းစီကို ခြေစစ်ပွဲအောင်အသင်းများအဖြစ် ရွေးချယ်သွားမည်ဖြစ်ပြီး ဆုကြေးငွေ ဒေါ်လာ စတင်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယင်းရှစ်သင်း၏ ပုံမှန်ရာသီပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ အပတ်စဉ် ကြာသပတေး၊ သောကြာ၊ စနေနေ့တိုင်း လေးပတ်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး လစာနှင့် အနိုင်ရလဒ်တို့အတွက် ဒေါ်လာဆုကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

HOG Esports ၏ Event Director ကိုဇော်စည်သူက "ကျွန်တော်တို့အနေနဲ့ အရည်အချင်းရှိတဲ့ ဂိမ်းကစားသမားတွေ မွေးထုတ်ပြီး နိုင်ငံတကာအီလက်ထရွန်နစ်အားကစားပြိုင်ပွဲတွေမှာ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။ ဂိမ်းကစားတာဟာ ဖျော်ဖြေရေးသက်သက်မဟုတ်ဘဲ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း ဖြစ်စေနိုင်ပါတယ်"ဟု ပြောသည်။

ပုံမှန်ရာသီပြိုင်ပွဲယှဉ်ပြိုင်သည့် ရှစ်သင်းအနက်မှ အကောင်းဆုံး လေးသင်းကိုရွေးချယ်ပြီး Grand Final ကို မြန်မာပလာဇာ၌ ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုများအဖြစ် ဒေါ်လာဆုကြေးများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း HOG Esports မှ သိရသည်။

**ကိုထက်**

# ငါးမင်းဆွေအား အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်နှင့် ငွေဒဏ် တစ်သိန်း ပေးဆောင်ရန် အနောက်ပိုင်းခရိုင်တရားရုံးမှ အပြီးသတ်အမိန့်ချမှတ်

**ရန်ကုန် စက်တင်ဘာ ၁၈**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လူမှုကွန်ရက်တွင် ညစ်ညမ်းစွာ ပုတ်ခတ်ရေးသားနေသည်ဟုဆိုကာ ငါးမင်းဆွေ(ခ)ဦးမင်းဆွေကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၂၄-က အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်နှင့် ငွေဒဏ် တစ်သိန်း ပေးဆောင်၍ ပြစ်ဒဏ်ကျခံစေရန် အပြီးသတ် စီရင်ချက်အမိန့်အား ယနေ့နံနက် ၁၀ နာရီက အနောက်ပိုင်းခရိုင်တရားရုံး တွဲဖက်တရားသူကြီး-၂ ဦးအောင်မြင့် တရားခွင်၌ ချမှတ်လိုက်ကြောင်း အဆိုပါခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး-၁၀ ဦးဌေးအောင်ထံမှ သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး-၁၀ ဦးဌေးအောင်က "ကျွန်တော်တို့ အနောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှု အမှတ် ၈၉/၂၀၁၈ တရားလို မှူခင်းရဲတပ်ဖွဲ့ ဒုတိယရဲမှူး လှထွန်း တရားခံ ငါးမင်းဆွေ(ခ)ဦးမင်းဆွေ ရာဇသတ်ကြီး ဥပဒေပုဒ်မ၁၂၄-က အရ ဦးတိုက်လျှောက်စွဲဆိုမှုကနေ စက်တင်ဘာ ၁၁ ရက်တွင် ရုံးချိန်း ၁၀ ချိန်းမြောက် ရုံးထုတ်ခဲ့ပါတယ်။ တရားလိုဘက်က ခရိုင်ဥပဒေအရာရှိနဲ့ ရှေ့နေမခေါ်ဘဲ ကိုယ်တိုင်ထုချေနေတဲ့ ငါးမင်းဆွေတို့ လျှောက်လဲချက်တွေကို အဲဒီနေ့မှာကျယ်ကျယ်ပြန့်ပြန့် ကြားနာခဲ့ပါတယ်။ ကြားနာခဲ့တဲ့အခါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတစ်ဦးဖြစ်သည့်အပြင် ငြိမ်းချမ်းရေးကို ဦးဆောင်နေသူအား ငါးမင်းဆွေ(ခ)ဦးမင်းဆွေဆိုသူက Facebook စာမျက်နှာများပေါ်တွင် ငါးမင်းဆွေ Account ဖြင့် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားတဲ့ အစိုးရအပေါ် အများပြည်သူက အမုန်းထား မေတ္တာပျက်စေဖို့ ရည်ရွယ်တဲ့ ဝေဖန်ပုတ်ခတ်မှုစာတွေ ရေးသားကြောင်း ပေါ်ပေါက်တဲ့အတွက် ဒီကနေ့ ရုံးချိန်း ၁၁ ချိန်းမှာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ဥပဒေပုဒ်မ ၁၂၄-က အရ စွဲဆိုထားတဲ့အတိုင်း အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်ပြစ်ဒဏ်ကျခံစေတဲ့အပြင် ငွေဒဏ် တစ်သိန်း ပေးဆောင်ရန်နှင့် ပျက်ကွက်ပါက အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်ကျခံစေဖို့ အမိန့်ချမှတ်လိုက်တာဖြစ်ပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောက်တံခါး စက်တင်ဘာ ၁၈**
မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၅၄ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများ စိတ်ချမ်းမြေ့စေရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါများ ကူးစက်ပြန့်ပွားစေနိုင်သည့် ခြင်၊ ယင်များ ခိုအောင်းတတ်သော ချုံနွယ်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်မင်း ဦးဆောင်၍ အရာရှိ ၁၁ ဦး၊ အခြားအဆင့် ၆၄ ဦး စုစုပေါင်း ၇၅ ဦးပါဝင်၍ စက်တင်ဘာ ၁၅ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ အာရှ ယူ-၁၆ မှ**
မြန်မာအသင်းအနေဖြင့် အဖွင့်ပွဲတွင် ရလဒ်ကောင်းရန် ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။ ခြေစစ်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာအသင်းပါဝင်သော အုပ်စုတွင် ဆီးရီးယားအသင်း နုတ်ထွက်ခဲ့သောကြောင့် လေးသင်းသာ ကျန်ရှိခြင်းဖြစ်သည်။ ကျန်အုပ်စုငါးခုမှာ ငါးသင်းစီပါဝင်နေပြီး စက်တင်ဘာ ၁၅ ရက်မှစ၍ ကျင်းပလျက်ရှိသည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ခြောက်သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရနှစ်သင်းမှာ ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်စန်းစန်းသိန်းက "ခြေစစ်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ အချိန်ယူပြင်ဆင်ခဲ့ပါတယ်။ ခြေစစ်ပွဲမတိုင်ခင် စင်ကာပူအသင်းနဲ့ ခြေစမ်းပွဲနှစ်ပွဲ ကစားခွင့်ရတာက ကစားသမားတွေအတွက် အကျိုးရှိပါတယ်။ ပထမအဆင့် ခြေစစ်ပွဲမှာ မလေးရှားနဲ့ ဖိလစ်ပိုင်အသင်းတို့က အဓိကယှဉ်ပြိုင်ရမှာပါ။ ပြီးခဲ့တဲ့ ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲမှာ တွေ့ဆုံခဲ့ပေမယ့် အခုခြေစစ်ပွဲမှာ ပေါ့ဆလို့ မရပါဘူး။ ဒုတိယအဆင့် ခြေစစ်ပွဲတက်ရောက်နိုင်ဖို့ ကြိုးစားမှာပါ"ဟု ပြောကြားသည်။

**ရှိုင်းထက်ဇော်**

# တိုက်ကြီးမြို့၌ တပ်မတော်ကိုထောက်ခံခြင်းနှင့် ပြင်ပစွက်ဖက်လုပ်ဆောင်မှုများ ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်

**တိုက်ကြီး စက်တင်ဘာ ၁၈**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ဦးဆောင်လျက် တပ်မတော်ကို ထောက်ခံခြင်းနှင့်ပြင်ပစွက်ဖက်လုပ်ဆောင်မှုများ ဆန့်ကျင်သည့်ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက တိုက်ကြီးမြို့ ရန်ကုန်-ပြည်လမ်းဘူတာရပ်ကွက် ဘုရားကြီးကျောင်းတိုက်ရှေ့ ကွင်းပြင်၌ပြုလုပ်ရာ အင်အား ၁၅၀ ခန့်က အသံတိတ် ဆန္ဒဖော်ထုတ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး "မြန်မာ့တပ်မတော်ကို ပြည်ပဖိအားတွေက ဖြိုခွဲဖို့လုပ်လာတာကို တို့က ရပ်ကြည့်နေလို့ မဖြစ်တော့ဘူး။ ဒါကြောင့် တပ်မတော်အပေါ် ဘယ်လိုထိပါးမှုမျိုးကိုမဆို လက်မခံဘူးဆိုတာ ပြည်တွင်း ပြည်ပ မျက်လုံးတွေမြင်ကြအောင် အခုလို ကမ်ပိန်းလုပ်ပြီး ဆန္ဒထုတ်ဖော်ပြရတာဖြစ်တယ်"ဟု တိုက်ကြီးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး အောင်မြင့်(ငြိမ်း)က ပြောကြားသည်။

**ထွန်းလှိုင်(မြိုင်)**

## ဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်း၊ စပါးအသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် ပီအက်စ်ဂျီနှင့် ပြင်သစ် ကွင်းလယ်ကစားသမား အက်ဒရီယန်ရာဘီယော့အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- **အာဆင်နယ်ကွင်းလယ်ကစားသမားရမ်ဆေးသည် အာဆင်နယ်အသင်းက နယူး ကာဆယ်အသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် လူစားလဲကစားရန် နည်းပြ အမ်မရီအား တောင်းဆိုခဲ့ကြောင်း သိရသည်။**
- မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- **ချယ်လ်ဆီးအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် စာချုပ် သက်တမ်းကုန်ဆုံးမည့် နောက်တန်းကစားသမား ဒေးဗစ်လုဇ်အား နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။**
- အင်တာမီလန်အသင်းက မန်ယူတိုက်စစ်မှူး မာရှယ်အား လာမည့်ဇန်နဝါရီဈေးကွက် အတွင်း ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်မှာ ပရီမီယာလိဂ်တွင် အကောင်းဆုံးဟု ကာရေဂါပြောကြား

ချယ်လ်ဆီးအသင်း တိုက်စစ်မှူး ဟာဇက်သည် ပရီမီယာလိဂ်တွင် အကောင်းဆုံးကစား သမားတစ်ဦးဖြစ်ကြောင်း ကာရေဂါက ပြောကြားလိုက်သည်။

ကာရေဂါသည် တိုက်စစ်မှူးဟာဇက်မှာ ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အကောင်းဆုံးခြေစွမ်း ပြကစားနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာတွင်လည်း အကောင်းဆုံးကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်တွင် ရာနှုန်းပြည့်နိုင်ပွဲရယူထားနိုင်သည့် အသင်းဖြစ်ပြီး ပရီမီယာလိဂ်ငါးပွဲ စလုံးအနိုင်ရရှိထားသည့်အသင်းလည်း ဖြစ်သည်။

ထို့ပြင် ချယ်လ်ဆီးအသင်းက ကာဒစ်ဖ် အသင်းကို အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် တိုက်စစ်မှူး ဟာဇက်မှာ ဟက်ထရစ် သွင်းယူနိုင်ခဲ့ခြင်းကြောင့် လီဗာပူး နောက်တန်း ကစားသမားဟောင်း ကာရေဂါက ထိပ်တန်းကစားသမားအဖြစ် ချီးကျူးစကားဆိုခဲ့သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ပရီမီယာလိဂ်တွင် မန်စီးတီးတိုက်စစ်မှူး ဒီဘရိုင်း၊ လီဗာပူးတိုက်စစ်မှူး ဆာလာနှင့် စပါးတိုက် စစ်မှူးဟယ်ရီကိန်းတို့မှာ အကောင်းဆုံးကစားသမားများဖြစ်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင်မူ ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်မှာ အကောင်းဆုံးကစားသမားဖြစ် လာနိုင်ကြောင်းလည်း ပြောကြားခဲ့သည်။

ဟာဇက်သည် ၂၀၁၂ ခုနှစ်က ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

# ဘားအံအကျဉ်းထောင်မှထွက်ပြေးသော အကျဉ်းသား ၂၂ ဦး ဖမ်းဆီးရမိပြီး ၂၀ လွတ်မြောက်နေဆဲဖြစ်

**ဘားအံ စက်တင်ဘာ ၁၈**

ဘားအံအကျဉ်းထောင်မှ ထောင်ကျအကျဉ်းသား ၃၀ နှင့် တရားရုံးစစ်ဆေးဆဲအချုပ်သား ၁၂ ဦး စုစုပေါင်း ၄၂ ဦး စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ထွက်ပြေးသွားခဲ့ပြီး ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေဖမ်းဆီးခဲ့ရာ စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီအထိ ထောင်ကျအကျဉ်းသား ၁၅ ဦး၊ တရားရုံးစစ်ဆေးဆဲအချုပ်သား ခုနစ်ဦး စုစုပေါင်း ၂၂ ဦးကို ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"ဘားအံအကျဉ်းထောင်မှ ထွက်ပြေးခဲ့တဲ့ ၄၂ ဦးထဲက စက်တင်ဘာ ၁၆ ရက်မှာ ၁၃ ဦး၊ ၁၇ ရက်မှာ ရှစ်ဦး၊ ၁၈ ရက်မှာ တစ်ဦးနဲ့ အားလုံး ၂၂ ဦး ဖမ်းဆီးရမိပါပြီ"ဟု ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးတစ်ဦးက ပြောသည်။ ထို့ကြောင့် ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သော ထောင်ကျအကျဉ်းသား ၁၅ ဦး၊ တရားရုံးစစ်ဆေးဆဲအချုပ်သား ငါးဦး စုစုပေါင်း ၂၀ ကို ဖမ်းဆီးရန်ကျန်ရှိနေပြီး ဖမ်းဆီးရမိရေးအတွက် နယ်မြေခံတပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ တာဝန်သိပြည်သူများ ပူးပေါင်းကာ ရှာဖွေပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများသတင်းပေးနိုင်ရန်အတွက် ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသားနှင့် အချုပ်သားများ၏ အမည်စာရင်းနှင့် မှတ်တမ်းဓာတ်ပုံများကိုလည်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဖေ့ဘွတ်စာမျက်နှာတွင် ဖော်ပြထားကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အကျဉ်းထောင်မှထွက်ပြေးသည့် အကျဉ်းသား ၄၂ ဦးကို ဘားအံမြို့နယ်ရဲတပ်ဖွဲ့က စက်မှုဇုန်နယ်မြေရဲစခန်းတွင်(ပ)၃၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၂၂၄/၁၁၄ ဖြင့်လည်းကောင်း၊ (ပ)၄၀/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၃၃ (ပ)၄၁/၂၀၁၈၊ ၁၉၆၁ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေတို့ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိသည့် အကျဉ်းသားများကို အဆိုပါအမှုတို့ဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် အဖွဲ့ခေါင်းဆောင်အဖြစ် ရဲမှူးတစ်ဦးစီပါဝင်သော အထူးအမှုစစ်အဖွဲ့ သုံးဖွဲ့ဖြင့် စက်တင်ဘာ ၁၈ ရက်တွင် စတင်စစ်ဆေးလျက်ရှိကြောင်း ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**မင်းသူ(ဘားအံ)**



ထွန်းညို


တင်ထွန်းအောင်


အောင်ကိုဦး


အောင်ဟိန်းဦး


ထွန်းထွန်းဝင်း


ဖိုးဇော်


မက်ကရင်


မင်းဇော်

## ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသား ၂၀


မိုးစန်း


မျိုးကျော်


ရန်နိုင်


ဟိန်းဇော်


အရှူး


အကြူ


ကော်လာ


စောခင်ဆက်ငွေ


စောပလေ့


စောရွှေထီး


နေပိုင်လင်း


အောင်အောင်

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၉ စီး၊ သွင်းကုန် ၅၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၇၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၁၁၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၅၉၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၇၁၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Mitsubishi Canter ခြောက်ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်ခွဲသားရွေ ၂ ဒသမ ၄၅၆၂ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၃၆၈ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


**နေပြည်တော် လယ်ဝေးမြို့နယ် မြို့ရှောင်လမ်းမကြီး နေပြည်တော်လေဆိပ်သွားသည့် လမ်းပေါ်တွင် စက်တင်ဘာ ၁၈ ရက် နံနက် ၆ နာရီက ကျောက်ဆည်မှ ရန်ကုန်သို့ မောင်းနှင်လာသော 5N/---- နောက်တွဲပါ ၂၂ ဘီးယာဉ်တစ်စီး ဘီးပေါက်၍ရပ်နားစဉ် ယာဉ်ရှေ့ခန်းမှ ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားစဉ်။** ကျော်လှိုင်သင်း(နေပြည်တော်)

# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

**အခန်း (၅)**

**ခရီးသွားလုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်း၊ လိုင်စင်ကြေးများ သတ်မှတ်ခြင်းနှင့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၈။ ဝန်ကြီးဌာနသည် -

(က) ခရီးသွားလုပ်ငန်း အမျိုးအစားများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ စည်းကမ်းချက်များကို သတ်မှတ်ရမည်။

(ခ) လိုင်စင်ကြေးများ၊ လိုင်စင်အသစ် လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်ကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

(ဂ) ခရီးသွားလုပ်ငန်းများ သတ်မှတ်ထားသည့် အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ စစ်ဆေးနိုင်ရန် စစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဃ) အများပြည်သူ သွားလာလည်ပတ်နိုင်သော ခရီးစဉ်များ၊ ခရီးစဉ်ဒေသများကို ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

**အခန်း (၆)**

**ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၉။ ခရီးသွားလုပ်ငန်းကော်မတီသည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာအစိုးရဌာနမှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ခြောက်ဦး | အဖွဲ့ဝင်များ |
| (၄) | ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်တစ်ဦး | အဖွဲ့ဝင်များ |
| (၅) | ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ဒေသခံ ကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင်များ |
| (၆) | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီမှ ရုံးခွဲတာဝန်ခံ | အတွင်းရေးမှူး |

(ခ) ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၇)**

**ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၁၀။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုကော်မတီမှချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် လိုင်စင်စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြင်ဆင်ခြင်း၊

(ဃ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင် သက်တမ်းတိုးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လိုင်စင် ပျက်ပြယ်စေခြင်း၊

(စ) ခရီးစဉ်ဒေသ အသီးသီးတို့တွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည့် လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ခရီးသည်များအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်အနှောင့်အယှက်မဖြစ်ရေး၊ စိတ်ကျေနပ်မှုရရှိရေးတို့ကို နှစ်ဖက် သဟဇာတဖြစ်စေရေးအတွက် ဒေသဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း၊

(ဇ) ဤဥပဒေအရ ကောက်ခံရရှိသော လိုင်စင်ကြေးများ၊ လိုင်စင်အသစ်လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားသာမန်ရငွေများကို ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရုံးခွဲများမှ ကောက်ခံစေ၍ သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေခြင်း၊

(ဈ) လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်၍ တိုးတက်မှုအခြေအနေကို ခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ည) ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်း၊

(ဋ) ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အားနည်းသည့် ဒေသများတွင် နေအိမ်များအပါအဝင်ဖြစ်သည့် ခရီးသည်တည်းခိုနေထိုင်ရန် နေရာများကို သတ်မှတ်ပေးခြင်း၊

(ဌ) ခရီးသည်များအတွက် ၎င်းတို့သွားရောက်လေ့ရှိသော ခရီးစဉ်ဒေသများအလိုက် လုံခြုံရေး၊ ရောဂါဖြစ်ပွားမှု၊ သဘာဝဘေးအန္တရာယ်အစရှိသည့် ကိစ္စရပ်များဆိုင်ရာ အသိပေးနှိုးဆော်ချက်များကို ထုတ်ပြန်ခြင်း၊

(ဍ) ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြလာပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခြင်း။

**အခန်း (၈)**

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၁၁။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုကော်မတီက ချမှတ်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ခရီးသွားလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း စနစ်တကျ တိုးတက်လာစေရန် ပြည်တွင်း၊ ပြည်ပတွင် လေ့ကျင့်ပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊

(ဂ) ခရီးသွားလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ခရီးသွားလုပ်ငန်းများအနေဖြင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်စေရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ သုံးသပ်တင်ပြခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊

(ဇ) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုလုပ်လေ့လာခြင်း၊ စာတမ်းပြုစုခြင်း၊

(ဈ) ခရီးသွားလုပ်ငန်းဆောင်ရွက်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြလာပါက သက်ဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ လမ်းညွှန်မှုပြုနိုင်ရန် တင်ပြခြင်း။

**အခန်း (၉)**

**ဘဏ္ဍာငွေကြေး ရယူသုံးစွဲမှု**

၁၂။ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် -

(က) ဗဟိုကော်မတီမှ သဘောတူသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းဖော်ပြနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာအကူအညီများရယူ၍ ဆောင်ရွက်နိုင်သည်။

**အခန်း (၁၀)**

**ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့် အခွင့်အရေးများ**

၁၃။ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများသည်-

(က) ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်များကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

(ခ) ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ခရီးသွားလုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာန၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ သို့မဟုတ် ဦးစီးဌာနသို့ တင်ပြခွင့်ရှိသည်။

၁၄။ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများသည်-

(က) တာဝန်သိ၍ ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် လုပ်ကိုင်ရမည်။

(ခ) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို အလေးထားဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဃ) ခရီးသည်များ၏ အခြေခံကျန်းမာရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) ခရီးသည်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထိန်းသိမ်းကာကွယ်ရမည်။

(စ) တည်ဆဲဥပဒေများနှင့်အညီ ပေးဆောင်ရန် တာဝန်ရှိသော အခွန်အခများကို သက်ဆိုင်ရာဌာနများသို့ ပေးသွင်းရမည်။

(ဆ) လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၁၁)**

**ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း**

၁၅။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခြားနည်းလမ်းဖြင့် ဖော်ပြထားခြင်းမရှိလျှင် လုပ်ငန်းစတင်အကောင်အထည်မဖော်မီ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်လိုပါက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

၁၆။ ဤဥပဒေမပြဋ္ဌာန်းမီက ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်မည့်သူသည် ဝန်ကြီးဌာနထံမှ အဆောက်အအုံဆောက်လုပ်ခြင်း ကြိုတင်ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါက ထပ်မံလျှောက်ထားရန် မလိုအပ်တော့ဘဲ လုပ်ငန်းလိုင်စင်ကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ ဆက်လက်လျှောက်ထားရမည်။

၁၇။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသည် ပုဒ်မ ၁၅ ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြင်ဆင်ခြင်း ပြုနိုင်သည်။

**အခန်း(၁၂)**

**လိုင်စင်**

၁၈။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီအတွက် ခရီးသွားလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) ခရီးလှည့်လည်ရေးလုပ်ငန်း၊

(ခ) ဟိုတယ်လုပ်ငန်း၊

(ဂ) တည်းခိုရိပ်သာလုပ်ငန်း၊

(ဃ) ဧည့်လမ်းညွှန်လုပ်ငန်း၊

(င) ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်း။

၁၉။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီသည် လိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီးနောက် -

(က) ညီညွတ်ပါက လျှောက်ထားသူအား သတ်မှတ်ထားသော လိုင်စင်ကြေးကို ပေးဆောင်စေပြီး ကြန့်ကြာမှုမရှိစေဘဲ လိုင်စင်ထုတ်ပေးရမည်။

(ခ) မညီညွတ်ပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၂၀။ လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) လိုင်စင်သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်။

(ခ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုး ဆောင်ရွက်ပေးရမည်။

၂၁။ လိုင်စင်သက်တမ်းသည် သုံးနှစ်ဖြစ်သည်။

၂၂။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက လိုင်စင်ရရှိပြီးဖြစ်သည့် ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများသည် ရရှိထားသော လိုင်စင်ပါသက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်ဆောင်ရွက်နိုင်သည်။ လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အခါ ဆက်လက်ဆောင်ရွက်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၃။ ခရီးသွားလုပ်ငန်း လိုင်စင်တစ်ရပ်ရပ် ရရှိထားသူသည် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်မှအပ အခြားခရီးသွားလုပ်ငန်း လိုင်စင်တစ်ရပ်ရပ်ကို အခြားသူတစ်ဦးတစ်ယောက်ထံ လွှဲပြောင်းလိုပါက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၄။ ပုဒ်မ ၂၃ အရ လိုင်စင်လွှဲပြောင်းရန် လျှောက်ထားချက်ကို လက်ခံရရှိသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်လွှဲပြောင်းလက်ခံနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ-မရှိ စိစစ်ပြီး လွှဲပြောင်းခွင့်ပြုခြင်း သို့မဟုတ် လွှဲပြောင်းခွင့်ပြုရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၅။ လိုင်စင်ရရှိသူသည် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ ပယ်ဖျက်ခြင်းခံရလျှင်ဖြစ်စေ လိုင်စင်ကို ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ ပြန်လည်အပ်နှံရမည်။

**အခန်း (၁၃)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၂၆။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက် –**

**အခန်း(၄)**

**ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မှတ်ပုံတင်ထားသောသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းများကို အခါအားလျော်စွာ ပြုစုထုတ်ပြန်ခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလိုဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် သွားတုလုပ်ငန်းများ အပါအဝင် အခြားနီးနွယ်သော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေး အတွက် လိုအပ်သော စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်းနှင့် အသိပေးတင်ပြခြင်း၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ် သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် လိုအပ်သောသင်တန်းများဖွင့်လှစ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း၊

(ဈ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ည) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၊ သွားဘက်ဆိုင်ရာသူနာပြုများ၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူများ၊ သွားတုပညာ ကျွမ်းကျင်သူများ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများအား တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း။

၈။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ဖော်ပြပါ ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) ပြည်တွင်း၊ ပြည်ပ ဘွဲ့လက်မှတ် စိစစ်ရေးကော်မတီ၊

(၂) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်စိစစ်ရေး ကော်မတီ၊

(၃) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၄) စံချိန်စံညွှန်း သတ်မှတ်ရေးကော်မတီ၊

(၅) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းစိစစ်ရေး ကော်မတီ၊

(၆) အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ သင်တန်းနှင့်အရည်အချင်း စိစစ်ရေးကော်မတီ၊

(၇) အခြားလိုအပ်သော ကော်မတီများ။

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) နိုင်ငံတော်နှင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာလောကအတွက် အကျိုးပြုမည့်ကိစ္စရပ်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာသို့မဟုတ် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်ကြေး၊ ဆေးကုသခွင့်လိုင်စင်ကြေး၊ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဇ) ကောင်စီသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်နိုင်ခြင်း၊

(ဈ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

**အခန်း(၅)**

**ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာများတွင် အစားထိုးခန့်ထားခြင်း**

၉။ အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ဂ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ်ပျက်ကွက်ခြင်း သို့မဟုတ် တစ်ဆက်တည်းမဟုတ်ဘဲ ငါးကြိမ်ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(စ) ဆေးကုသခွင့်လိုင်စင်ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(ဆ) ကောင်စီကသတ်မှတ်သော အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဇ) ကိုယ်ကျင့်တရားပျက်ပြားသည်ဟု ကောင်စီကစစ်ဆေးတွေ့ရှိခြင်း၊

(ဈ) ကောင်စီကပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။

၁၀။(က) လစ်လပ်သည့်နေရာသည် နာယကအဖွဲ့က တိုက်ရိုက်ရွေးချယ်ပေးသည့်နေရာဖြစ်လျှင် နာယကအဖွဲ့က အစားထိုးတာဝန်ပေးရမည်။

(ခ) လစ်လပ်သည့်နေရာသည် ရွေးချယ်တင်မြှောက်ခံရသော ကောင်စီဝင်တစ်ဦးဦးဖြစ်ပါက ယင်းတို့ကို ရွေးချယ်ခဲ့သည့် နည်းလမ်းအတိုင်း အစားထိုးရွေးချယ် တင်မြှောက်ရမည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အစားထိုးတာဝန်ပေးအပ်ခြင်း သို့မဟုတ် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိ ဖြစ်သည်။

၁၁။ ကောင်စီဝင်အဖြစ်မှ နုတ်ထွက်လိုသော ကောင်စီဝင်တစ်ဦးဦးသည် မိမိ၏နုတ်ထွက်စာကို ကောင်စီသို့ တင်ပြရမည်။

**အခန်း(၆)**

**အစည်းအဝေးကျင်းပခြင်း**

၁၂။ ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင်တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

၁၃။(က) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပနိုင်သည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၄။ ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများကျင်းပရာတွင် တက်ရောက်ခွင့်ရှိသူဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

၁၅။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက်များကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များနှင့် နီးနွယ်အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်းသို့ အခါအားလျော်စွာ အသိပေးအကြောင်းကြားနိုင်သည်။

**အခန်း(၇)**

**ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း**

၁၆။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် -

(က) ရုံးအဖွဲ့မှူးတစ်ဦး၊ ဒုတိယရုံးအဖွဲ့မှူးတစ်ဦးနှင့် မှတ်ပုံတင်အရာရှိတစ်ဦးတို့ကို ခန့်ထားပြီး တာဝန်များ သတ်မှတ်ပေးရမည်။

(ခ) လိုအပ်သောဝန်ထမ်းများကို ခန့်ထားပြီး တာဝန်များ သတ်မှတ်ပေးရမည်။

**အခန်း(၈)**

**ဘဏ္ဍာရေး**

၁၇။ ကောင်စီသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၈။ ကောင်စီသည် မိမိ၏ရန်ပုံငွေမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေများ သတ်မှတ်ခွင့်ပြုနိုင်သည်။

၁၉။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များမှ ကောက်ခံရရှိငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၂၀။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေ၊ ပစ္စည်းနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၁။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့်ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၂၂။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၉)**

**သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ်**

၂၃။ မှတ်ပုံတင်လက်မှတ် ရရှိလိုသော အောက်ပါဘွဲ့တစ်ခုခု သို့မဟုတ် ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) အရ ကောင်စီကအသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ရရှိသည့် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည် -

(က) ပြည်တွင်းသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊

(ခ) ပြည်ပသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း စိစစ်အသိအမှတ်ပြုထားသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့။

၂၄။ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) ပုဒ်မ ၂၃ အရ လျှောက်ထားသည့်လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးနှင့် အခြားသတ်မှတ်ထားသည့်ကြေးများ ပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ အမည်နှင့် သက်ဆိုင်ရာအချက်အလက်များကို သွားနှင့်ခံတွင်းဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

၂၅။ ကောင်စီသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုရမည် -

(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သည့်အပြင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ်လည်း ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီကသတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ပြစ်မှုထင်ရှားစီရင်ခြင်းကို ခံရခြင်း၊

(ခ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်း၍ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာတာဝန်ကို ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း။

**အခန်း(၁၀)**

**သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာ ကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများ အသိအမှတ်ပြုလက်မှတ်**

၂၆။ အသိအမှတ်ပြုလက်မှတ်ရရှိလိုသော အောက်ပါဘွဲ့၊ ဒီပလိုမာ သို့မဟုတ် လက်မှတ်တစ်ခုခုရရှိသည့် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့စိစစ်ရန် လွှဲပြောင်းပေးရမည်-

(က) ပြည်တွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်၊

**(ဆက်လက်ဖော်ပြပါမည်)**

# ကျောက်ပန်းတောင်းမြို့နယ်ကြက်မောက်တောင်ဆည်ရေဖြင့် နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးအောင်မြင်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၈**

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်၏ ရေပေးဝေနိုင်သည့် ဧရိယာမှာ ၂၂၇၆၅ ဧကဖြစ်သည်။ ဆည်ရေဖြင့် နွေစပါးနှင့် နွေသီးနှံတို့ စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါဆည်၏ ရေသောက်ဧရိယာတွင် ကျေးရွာအုပ်စု ၁၃ စုရှိပြီး ကျေးရွာပေါင်း ၇၀ ကျော်ရှိသည်။ ပြီးခဲ့သော နွေရာသီက နွေစပါး ၁၂၅၉ ဧကနှင့် နွေနှမ်း ၃၄၅၄ ဧကတို့ စိုက်ပျိုးခဲ့သည်။

ယခုနှစ်တွင် ဆည်ရေသောက်စပါး ၅၉၅၃ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ စက်တင်ဘာ ၁၃ ရက်အထိ ဧက ၅၃၂၀ စိုက်ပျိုးပြီးဖြစ်သည်။

ကြက်မောက်တောင်ဆည်သည် ဒေသခံတောင်သူလယ်သမားများအတွက် နွေစပါး၊ နွေသီးနှံ၊ နွေနှမ်းတို့ စိုက်ပျိုးရန်အတွက် ရေပေးဝေနေသော ဆည်ကြီးဖြစ်သည်။

**တင်လှိုင်**



# (၅၄) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆို ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ရန်ကုန်**

အမှတ် ၂ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို၏လမ်းညွှန်မှုဖြင့် အမှတ် ၂ လုံခြုံရေးရဲ ကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးသန်းဝင်း၊ အမှတ် ၉ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးအောင်မြင့်ဌေး၊ အမှတ် ၇ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ခေတ္တတပ်ခွဲမှူး ရဲမှူးသျှင်မင်းသူရတို့ ဦးဆောင်၍ အမှတ် ၇/၉ လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင် ၁၀၀ တို့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **၁၁၈**

**ပဲခူး**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား ၁၀၀ တို့သည် စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီက ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘုရားရင်ပြင်တော်သန့်ရှင်းရေးနှင့် ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး စိန်မင်းဦးစီး၍ တပ်ဖွဲ့ဝင် ၁၀၀ သည် ဥသျှောမြို့သစ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **၅၈၇**

**တောင်ငူ**

တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင် ၃၆ ဦးသည် စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီက တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့သည်။ ထို့နောက် သွေးလှူဒါန်းသူများအား အာဟာရဖြည့်စွက်စာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မြဝတီ**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်ထွန်း ဦးစီး၍ မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက ကျင်းပရာ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ ဒုခရိုင်မှူးနှင့် တပ်ဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး သွေးလှူရှင်များ အာဟာရပြည့်ဝစေမည့် အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **၅၇၀**



ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ် (၅/၂၀၁၈) သင်တန်းဖွင့်ပွဲကို သန်လျင်မြို့နယ် အဆင့်မြင့်မွမ်းမံသင်တန်းကျောင်းတွင် စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်မျိုးမင်းထိုက်က အမှာစကားပြောကြားစဉ်။ (အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တောင်ပိုင်း ခရိုင်ရဲတပ်ဖွဲ့ရုံးမှ အရာရှိများ၊ နည်းပြနှင့် သင်တန်းသားအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။) ၆၈၉

# ရေဘေးအလှူ ပန်းချီပြပွဲမှ ရရှိငွေအားလုံး ရေဘေးသင့်ဒေသများအတွက် လှူဒါန်းသွားမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ပန်းချီအသိပညာရှင်၊ အတတ်ပညာရှင်ကြီးများ ကုသိုလ်ဖြစ်ရေးဆွဲလှူဒါန်းပါဝင်ပြသသော SAVE အမည်ရှိ ရေဘေးအလှူ ပန်းချီပြပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၃ လမ်းရှိ 43 ART GALLERY ၌ ပြုလုပ်သည်။

အဆိုပါ ပန်းချီပြပွဲကို ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကူညီထောက်ပံ့ရန် ရည်ရွယ်ပြသခြင်းဖြစ်ပြီး ပန်းချီပညာရှင် ၅၈ ဦးက တစ်ဦးလျှင် ပန်းချီကားတစ်ကားစီကို ရေးဆွဲလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

"ပန်းချီဆရာတွေအနေနဲ့ ပန်းချီဆွဲလို့ရတဲ့ လုပ်အားခတွေကို ရေဘေးသင့်ဒေသမှ ပြည်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ တတ်နိုင်သလောက် ကူညီဖေးမပေးချင်တဲ့အတွက် ဒီပြပွဲလေးကိုစီစဉ်ဖြစ်တာပါ။ ဒီပြပွဲကနေ ရတဲ့ငွေ ၁၀၀ ရာခိုင်နှုန်းကို လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု ကုသိုလ်ဖြစ်ပန်းချီပြပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ ဒေါ်အေးအေးသိန်းက ပြောသည်။

အဆိုပါ ပန်းချီပြပွဲကို စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ပန်းချီပြပွဲမှ ရောင်းချရငွေအားလုံးကို ရေဘေးသင့်ပြည်သူများ ကူညီထောက်ပံ့ရာတွင် အသုံးပြုနိုင်ရန် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့တွင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

# မှတ်တိုင်သစ် စိုက်ထူခဲ့တဲ့ TWICE



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" ဟာ လတ်တလောမှာတော့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်နဲ့ မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ ဂျပန်တေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့နေ့မှာ ဂျပန်တေးဂီတဇယားတစ်ခုဖြစ်တဲ့ အော်ရီဂွန်မှာ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၁၂ ရက် မှာတော့ အဖွဲ့ရဲ့ ဂျပန်တေးအယ်လ်ဘမ် "BDZ"ကို အပြည့်အစုံ စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို စတင်ထုတ်လွှင့်ခဲ့တဲ့နေ့မှာပင် ယင်းတေးအယ်လ်ဘမ် စုစုပေါင်း ၈၉၇၂၀ ချပ်ကို ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ဒါဟာ အော်ရီဂွန်တေးဂီတဇယားပေါ်မှာ စတင်ထုတ်လွှင့်ခဲ့တဲ့နေ့အတွင်း ရောင်းအားအကောင်းဆုံးဖြစ်ခဲ့တဲ့ အမျိုးသမီးကေပေ့ါပ်တေး အယ်လ်ဘမ်ဖြစ်လာခဲ့ကြောင်းလည်း သိရပါတယ်။

ယခင်တုန်းကတော့ ဒီစံချိန်ကို "Girls' Generation"အဖွဲ့က ရယူထားခဲ့တာဖြစ်ပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ရဲ့ တေးအယ်လ်ဘမ် "Girls' Generation" ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့နေ့အတွင်း တေးအယ်လ်ဘမ်အချပ်ပေါင်း ၇၄၀၀၀ ရောင်းချခဲ့ရတာ ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

# အဖြူရောင်တွေ လွှမ်းခဲ့တဲ့ Emmys Awards ဆုပေးပွဲည

လတ်တလောမှာ ကျင်းပခဲ့တဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ " Emmys Awards " ဆုပေးပွဲညမှာတော့ ကော်ဇောနီပေါ် ပါဝင်လျှောက်လှမ်းခဲ့ကြတဲ့ ကြယ်ပွင့်အများစုဟာ အဖြူရောင်ဝတ်စုံတွေကို ဝတ်ဆင်လျှောက်လှမ်းခဲ့ကြတာဖြစ်ပါတယ်။ ဒီအထဲမှာ ဟောလိဝုဒ်ရဲ့ ဝင်ငွေအကောင်းဆုံးဖြစ်တဲ့ မင်းသမီး စကားလက်ဂျိုဟာန်ဆန်၊ ဂျက်ဆီကာဘိုင်ရယ်တို့လို နာမည်ကျော်တွေလည်း ပါဝင်တာတွေ့ရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္လာနေ့က ကယ်လီဖိုးနီးယားမှာကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ "Emmys Awards" ဆုပေးပွဲကြီးကို ဟောလိဝုဒ်ရဲ့ ထိပ်တန်းကြယ်ပွင့်များစွာ တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီနှစ်မှာတော့ ကြယ်ပွင့်တွေဟာ အဖြူရောင်ဝတ်စုံတွေကို ဝတ်ဆင်တက်ရောက်ကြသလို အဖြူဘက်ကိုရောက်တဲ့ အရောင်ဖျော့ဖျော့တွေ ဝတ်ဆင်ခဲ့ကြတာကို အများဆုံးတွေ့ခဲ့ရပါတယ်။ အဖြူရောင်နဲ့ လှနေတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေအနက် မင်းသမီး စကားလက်ဂျိုဟာန်ဆန်၊ ဂျက်ဆီကာဘိုင်ရယ်၊ ခရစ်စတန်ဘဲလ်တို့ရဲ့ ဝတ်စုံတွေဟာ အလှဆုံးသောဝတ်စုံတွေအဖြစ် ရွေးချယ်ဖော်ပြခြင်း ခံခဲ့ရတာကိုလည်း တွေ့ရပါတယ်။



ကြေးမုံ

စက်တင်ဘာ ၁၉၊ ၂၀၁၈

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ




## စီရိုနယ်လ်ဒို ဂျူဗင်တပ်အသင်းနဲ့အတူ ဂိုးစသွင်း

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အသင်းသစ် ဂျူဗင်တပ်နဲ့အတူ ပထမဆုံးဂိုး စတင်သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကနေ ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့လာခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းနဲ့ ဆာဆူအိုလိုအသင်းတို့ ကစားခဲ့တဲ့ပွဲစဉ်မှာ ပထမဆုံးသွင်းဂိုး စတင်သွင်းယူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အီတလီစီးရီးအေ ပွဲစဉ်သုံးပွဲအထိ ဂိုးမသွင်းယူနိုင်ခဲ့ဘဲ ဆာဆူအိုလိုအသင်းနဲ့ ပွဲစဉ်ရောက်မှသာ နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကာ အဲဒီပွဲစဉ်မှာ ဂျူဗင်တပ်အသင်းက ဆာဆူအိုလိုအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်း အနိုင်ရရှိခဲ့သော်လည်း ဒေါက်ဂလပ်ကော်စတာမှာ ဆာဆူအိုလို ကစားသမား ဒီဖရန်စီကိုနဲ့ အချင်းများကာ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပါတယ်။ ဂျူဗင်တပ်အသင်းဟာ ယခုပွဲစဉ်မှာ အနိုင်ရရှိခဲ့ခြင်းကြောင့် စီးရီးအေလေးပွဲ ကစားအပြီးတွင် လေးပွဲစလုံး အနိုင်ရရှိထားပြီး ရမှတ် ၁၂ မှတ်နဲ့ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပါတယ်။



## လက်ရှိနောက်တန်းနဲ့ မန်ယူ ဥရောပအောင်မြင်မှုမရနိုင်ဟု ဖာဒီနန်ပြောပြီ

မန်ယူအသင်းဟာ လက်ရှိနောက်တန်းမှာ အားနည်းချက်တွေ ရှိနေတာမို့ ချန်ပီယံလိဂ်မှာ အောင်မြင်မှုမရရှိနိုင်ကြောင်း မန်ယူအသင်းနောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဖာဒီနန်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ နည်းပြမော်ရင်ဟိုရဲ့ မန်ယူအသင်းဟာ အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်အဖွင့်ပွဲစဉ်အဖြစ် ယန်းဘွိုင်းစ်အသင်းနဲ့ စက်တင်ဘာ ၁၉ ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ ဆီဗီလာအသင်းကို ရှုံးပြီး မန်ယူအသင်း ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။ အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ အစငါးပွဲမှာ သုံးပွဲအနိုင်ကစားနိုင်ခဲ့တယ်ဆိုပေမယ့် ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရတာ နည်းတာကိုလည်း ဖာဒီနန်က ထောက်ပြပါတယ်။ ကုန်လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုက မန်ယူအသင်းရဲ့ နောက်တန်းခံစစ်ကြောင်းမှာ ဖာဒီနန်နဲ့ ဗီဒစ်တို့ ရှိနေခဲ့တာမို့ အောင်မြင်မှုရရှိခဲ့တာကိုလည်း ဖာဒီနန်က ပြောခဲ့ပါတယ်။ မန်ယူအသင်းဟာ ဖာဒီနန်ရှိခဲ့စဉ် ၂၀၀၈ ခုနှစ်က ချန်ပီယံလိဂ်ဖလားရယူနိုင်ခဲ့တာဖြစ်ပြီး အဲဒီနောက်ပိုင်းမှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့ရင်တောင် ရလဒ်ပိုင်းက ဆိုးရွားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဖာဒီနန်က မန်ယူနောက်တန်းကို အားမရကြောင်းပြောခဲ့ပေမယ့် ဂိုးသမားဒီဂီယာကိုတော့ စူပါမန်းလို့တောင် ကင်ပွန်းတပ်ခဲ့ပါသေးတယ်။



## အာဆင်နယ်အကြီးအကဲ ဂါဇီဒစ် အေစီမီလန်သို့ ပြောင်းမည်

အာဆင်နယ်အသင်းရဲ့အမှုဆောင်ချုပ် အိုင်ဗန်ဂါဇီဒစ်ဟာ အီတလီစီးရီးအေ ပြိုင်ပွဲရဲ့ နာမည်ကြီးအသင်းတစ်သင်းဖြစ်တဲ့ အေစီမီလန်အသင်းကို ပြောင်းရွှေ့မယ်လို့သိရပါတယ်။ ဂါဇီဒစ်ဟာ အီတလီမြေကို ပြောင်းရွှေ့တဲ့အချိန်မှာ သူ့ရဲ့လက်ရှိအာဆင်နယ်အသင်းမှာ ရရှိနေတဲ့လစာ ပေါင် ၂ ဒသမ ၆ သန်းကို ပေါင်တစ်သန်းထပ်တိုးပြီး တောင်းဆိုထားတယ်လို့ဆိုပါတယ်။ ဂါဇီဒစ်ဟာ ၂၀၀၈ ခုနှစ် အာဆင်နယ်အသင်းကို ရောက်ရှိလာတာဖြစ်ပြီး အမ်းမရိတ်မှာ အောင်မြင်မှုတွေရရှိခဲ့ပါတယ်။ ဒါကြောင့် အေစီမီလန်အသင်း ပိုင်ရှင်သစ်ကလည်း ဂါဇီဒစ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

## ခရစ္စတယ်ပဲလေ့ကွင်းလယ်လူ မက်အာသာ ၂၀၂၂ ထိ ဆက်ရှိမည်

ခရစ္စတယ်ပဲလေ့ ကွင်းလယ်ကစားသမား မက်အာသာသည် သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုး ချုပ်ဆိုခဲ့တာကြောင့် ခရစ္စတယ်ပဲလေ့အသင်းမှာ ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေတော့မှာဖြစ်ပါတယ်။ စကော့တလန်ကြယ်ပွင့် မက်အာသာဟာ ၂၀၁၄ ခုနှစ် ဝီဂန်အသင်းကနေ ခရစ္စတယ်ပဲလေ့အသင်းကို ပြောင်းရွှေ့လာတာဖြစ်ပြီး လက်ရှိမှာ ခရစ္စတယ်ပဲလေ့အသင်းနဲ့အတူ ဘောလုံးရာသီ ငါးရာသီမြောက် ဖြတ်သန်းနေပြီလည်းဖြစ်ပါတယ်။ မက်အာသာရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ နှစ်နှစ်ကျန်ရှိနေသေးပေမယ့် ခရစ္စတယ်ပဲလေ့အသင်းက သူ့ရဲ့ခြေစွမ်းပိုင်းကောင်းမွန်မှုကြောင့် စာချုပ်သစ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ မက်အာသာဟာ သူ့ရဲ့ကစားသမားဘဝကို စကော့တလန်ကလပ် ဟာမီလ်တန်အသင်းမှာ ၂၀၀၅ ခုနှစ်ကနေ စတင်ခဲ့တာဖြစ်ပြီး အဲဒီအသင်းမှာ ၁၉၂ ပွဲအထိ ကစားခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၀ ပြည့်နှစ်မှာ ဝီဂန်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဝီဂန်အသင်းနဲ့အတူ အက်ဖ်အေဖလားရယူနိုင်ခဲ့ပါတယ်။ လက်ရှိကလပ် ခရစ္စတယ်ပဲလေ့အသင်းမှာတော့ ၁၃၅ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၁၆ ဂိုးသွင်းယူထားနိုင်ခဲ့တာဖြစ်ပါတယ်။







## ဇန်နဝါရီအပြောင်းအရွှေ့မှာ ထွက်ခွာဖွယ်ရှိနေတဲ့ ဘိုင်လီ

မန်ယူအသင်း နောက်တန်းကစားသမား အဲရစ်ဘိုင်လီဟာ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ အိုးထရက်ဖို့ဒ်ကနေ ထွက်ခွာဖွယ်ရှိနေပြီး အဲဒီလိုထွက်ခွာပါက အာဆင်နယ်အသင်း ဒါမှမဟုတ် စပါးအသင်းကို ပြောင်းရွှေ့ဖွယ်ရှိနေတယ်လို့ သတင်းတွေထွက်ပေါ်လျက် ရှိနေပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ အိုင်ဗရီကို့စ်နောက်တန်းကစားသမား ဘိုင်လီဟာ လက်စတာစီးတီးအသင်း၊ ဘရိုက်တန်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းရဲ့ ပရီမီယာလိဂ် ရာသီအဖွင့်ပွဲစဉ်နှစ်ပွဲ ပွဲထွက်ကစားခွင့်ရရှိခဲ့ပေမယ့် နောက်ပွဲတွေမှာတော့ နည်းပြမော်ရင်ဟို၏ ချန်လှပ်ထားခြင်းကို ခံခဲ့ရသူဖြစ်ပါတယ်။ ဘိုင်လီဟာ ၂၀၁၆ ခုနှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ နဲ့ ရောက်ရှိလာခဲ့သူဖြစ်ပြီး နည်းပြမော်ရင်ဟိုရဲ့ ပုံမှန်ပွဲထွက်ကစားခွင့်ပေးခြင်းကို မခံခဲ့ရတဲ့အပြင် ဘရိုက်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်မှာ ဘိုင်လီကို မော်ရင်ဟိုက ပြစ်တင်စကားပင်ပြောကြားခဲ့ပါသေးတယ်။ စပါးအသင်းနည်းပြ ပိုချက်တီနိုက ဘိုင်လီကို ဗီလာရီးယဲလ်ကစားသမားဘဝကတည်းက ခေါ်ယူရန်ပစ်မှတ်ထားနေတာဖြစ်ပြီး အာဆင်နယ်အသင်းကလည်း လိုအပ်နေတဲ့ နောက်တန်းခံစစ်ပိုင်းကို အားဖြည့်ဖို့ စီစဉ်နေတာကြောင့် မန်ယူအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်မရတဲ့ ဘိုင်လီအနေနဲ့ ဇန်နဝါရီအပြောင်းအရွှေ့တွင် ထွက်ခွာလိမ့်မည်ဟု ဒေးလီးမိုင်ရာက ဖော်ပြထားပါတယ်။



## ခြေချင်းဝတ်ဒဏ်ရာရခဲ့တဲ့ ဝီရှိုင်းယား သီတင်းလေးပတ်ကြာအနည်းဆုံးနားရမည်

ဝက်စ်ဟမ်း ကွင်းလယ်ကစားသမား ဝီရှိုင်းယားဟာ ရရှိထားတဲ့ ခြေချင်းဝတ်ဒဏ်ရာကို ခွဲစိတ်ကုသခဲ့ပေမယ့် အသေးစိတ်ကုသမှုတွေ ပြုလုပ်ဖို့လိုအပ်နေတာကြောင့် သီတင်းပတ်လေးပတ်ကြာ အနည်းဆုံး အနားယူရဦးမှာဖြစ်တယ်လို့ သိရပါတယ်။ ဒဏ်ရာပြဿနာကြောင့် တစ်လကြာအနည်းဆုံးအနားယူရမှာဖြစ်တာမို့ ချယ်လ်ဆီးအသင်းနဲ့ပွဲစဉ်၊ မန်ယူအသင်းနဲ့ပွဲစဉ်၊ ဘရိုက်တန်အသင်းနဲ့ပွဲစဉ်တွေကို လွဲချော်ရမှာဖြစ်သလို ဒဏ်ရာမသက်သာခဲ့ပါက စပါးအသင်းနဲ့ပွဲစဉ်ကိုပါ လွဲချော်မှာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ အသက် ၂၆ နှစ်အရွယ် ကွင်းလယ်ကစားသမား ဝီရှိုင်းယားကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်း သုံးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး ဒဏ်ရာရရှိထားလို့ တနင်္ဂနွေနေ့က အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း လွဲချော်ခဲ့ပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းအသင်းက အဲဗာတန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

## Moneda Fashion

- လူကြီးမင်းတို့၏ ဝန်ထမ်းများအတွက် တူညီဝတ်စုံ
  T-Shirt - ၁၂၅၀ ကျပ်
  Sport Shirt - ၃၃၅၀ ကျပ်
  Shirt လက်တို - ၅၅၀၀ ကျပ်
  Style Pants - ၄၈၀၀ ကျပ်မှစ၍ အရောင်၊ Design, စိတ်ကြိုက်၊ Order လက်ခံ ဆောင်ရွက်ပေးပါသည်။
- ကုန်ပစ္စည်းရောင်းအားမြှင့်တင်သည့် Promotion Item(ဘောပင်၊ ဖန်ခွက်၊ ထီး၊ ဦးထုပ်၊ တဘက်)များကိုလည်း အနည်းဆုံး(၈၅၀)ကျပ်မှစ၍ ဆေးရိုက်ပါအပြီး လက်ခံဆောင်ရွက်ပေးပါသည်။
- အထည်(၁၀၀)နှင့်အထက်မှာယူသူများကို လိပ်စာအရောက် ပို့ပေး၊ ပြပေးပါသည်။

**အမှတ်(၇၉)၊ (၁၂၄)လမ်း၊ မင်္ဂလာတောင်ညွန့်(မင်္ဂလာဈေးအနီး)၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၉၀၀၀၂၆၀၊ ၀၁-၂၉၂၁၂၉၊ ၀၉-၂၅၀၃၈၈၅၉၄**

## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

## Asia Dragon

ချောင်းသာ 12,000/- ငွေဆောင် 12,000/-
တောင်ကြီး၊ အင်းလေး၊ မြဝတီ၊ ဖဲခေါက် ပုပ္ပါး၊ ပုဂံ
09 300 300 70, 09 300 300 90


## ရွှေအိုးကြီး

အဆင့်မြင့် ခရီးစဉ် Sep -25 ထွက်မည်
ပုပ္ပါးအဘထွက်ရပ်၊ မန္တလေး၊ မိုးကုတ်(၄)ရက် Hotel (110000)
ပုပ္ပါးအဘထွက်ရပ်၊ ကဘားပြည်နယ်၊ လွိုင်ကော်(၄)ရက် Hotel (100000)
09421073634, 777636630

## Home

Since 1996
ပါကေးအတားထိုး ကြမ်းခင်း
16~ 30.9.2018
Grade အလိုက် ရွေးချယ်လိုက်

| Grade A | Grade B | Grade C | Grade D | Grade E |
|---|---|---|---|---|
| ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် |
| Shoe rack | Side Table | Glass Mirror | Book Shelf | Wall Covering (1) လိပ် |



အောင်ဆန်းကွင်းဆိုင်ခွဲ - အမှတ် F(2-8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း) မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့၊
သင်္ဃန်းကျွန်းဆိုင်ခွဲ - အမှတ်(E-11A) လေးဒေါင့်ကန်လမ်း၊ ဘီအိုစီမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့၊
အင်းစိန်ဆိုင်ခွဲ - အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ ဆေးရုံ မှတ်တိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
☎ 09-950 950 950
☎ 09-79 700 70 70

## နှစ်မီ

**နှမိ** အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဒေါ်အေးအေးမော်နှင့် ကိုသန်းထွန်း တို့ဦးစီးသော နှမိဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ကပွဲကြိမ် ဘုရားရှင်တို့ပွင့်တွန်းရာ မဇ္ဈိမဒေသဘုရားဌာနများသို့ ကုသိုလ်ယူ ဘုရားဖူးသွားလိုသူများကို ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် နွေးထွေးစွာ ကိုယ်တိုင်တာဝန်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဘုရားဖူးမိတ်ဟောင်း၊ မိတ်သစ်များကို သတင်းကောင်းပါးအပ်ပါသည်။

(၁၀) ဦး စုစည်းပြီး လိုက်ပါလျှင် (၁) ဦး အခမဲ့လိုက်ပါခွင့်ပေးပါသည်။

- * (၈) ရက် (၁၀) သိန်း (၅) သောင်း - Hotel (၂) ည (၄ - ၅)နေ့ အိန္ဒိယ+နီပေါ)
- * (၁၂) ရက် (၁၀) သိန်း - Hotel (၄) ည (၄ - ၅)နေ့ အိန္ဒိယ+နီပေါ+သင်္ကဿနှိုက်)
- * (၁၅) ရက် (၁၂) သိန်း (၅) သောင်း - Hotel (၆) ည (၈ - ၅)နေ့ အိန္ဒိယ+နီပေါ+အာဂရာ+ဒေလီ)

သိမ်ဃာတော်နှင့် သိလရှင်များကို အထူးဈေးနှုန်းဖြင့် ပို့ဆောင်ပေးနေပါသည်။
(သိုးအားလုံးစရိတ်ငြိမ်း ညစောင်းသိမ်းစဉ်လုံးဝမပါ)

အမှတ် (၃၀၆)၊ အောင်မေတ္တာလမ်း၊ ယမုံနာ (၁) ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၄၁၉၉၇၉၉၄ ၀၉-၄၄၁၉၉၇၉၉၅၊ ၀၉-၄၄၁၉၉၈၈၉၀၊ ၀၉-၄၄၁၉၉၈၈၉၁


## မြန်မာ့မီးရထား
## စီးပွားရေးဌာန
## တိုင်းအမှတ်(၇)ရန်ကုန်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ (၁-၁၀-၂၀၁၈ မှ ၃၀-၉-၂၀၁၉ထိ) (၁)နှစ် သက်တမ်းကာလအတွက် မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)နယ်မြေအတွင်းရှိ ရန်ကုန်ဘူတာကြီးယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ကို အိတ်ဖွင့်တင်ဒါ (Open Tender)စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံ/ဝန်ခံကတိနှင့် တင်ဒါစည်းကမ်းချက်များကို ရန်ကုန်ဘူတာကြီး(ပထမ)ထပ်ရှိ မန်နေဂျာ (စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇)ရန်ကုန်ရုံးခန်းတွင်(၁၇-၉-၂၀၁၈)ရက်၊ ၉း၀၀နာရီမှ (၂၇-၉-၂၀၁၈)ရက်၊ (၁၁း၀၀)နာရီထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ပြသ၍ ဝယ်ယူနိုင်ပါသည်။

၃။ (၂၇-၉-၂၀၁၈)ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ(၁၃း၀၀)နာရီတွင် ရန်ကုန်ဘူတာကြီး (ပထမထပ်) တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၇) ရန်ကုန်ရုံးခန်း၌ အိတ်ဖွင့်တင်ဒါ (Open Tender)ဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်းနံပါတ် - ၀၁-၃၉၃၄၂၈၊ ၀၉-၅၀၉၈၀၃၂

**တင်ဒါကော်မတီ**


## အစာကြေဆေးကောင်းကောင်း သုံးစွဲလိုသူများအတွက်
## လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်လိုက်သော...

# သုခအောင် အမှတ်တံဆိပ်
# အစာကြေဆေးပြား



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012356 (0919)
တာဆက စာနယ်ဇင်း ၂၄/၀၈၁၈

- ပင်ရင်း -
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအမှတ် ၄၄၉ (၅)လွှာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၉၂၃၅၈၀၈ ၊ ၀၉ ၂၆၁၉၉၃၆၅၃ ၊ ၀၉ ၄၂၂၄၄၃၈၄၅

## ၂၃-ကြိမ်မြောက်
## ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ

Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware

## ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ

Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business

## ၂၃-ကြိမ်မြောက်
## ပညာဒါန အခမဲ့ စက်ချုပ်/မော်တာစက်ချုပ်သင်တန်းများ

၁-၁၀-၂၀၁၈ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။

**သင်တန်းတည်နေရာ**

ကျိုက်လိယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှဦးစီးသော
**အဘွားများသုခရိပ်သာ**
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊
၀၉ ၇၉၇၅၄၂၅၉၀၊ ၀၉ ၇၉၇၅၄၂၅၉၁၊

## ကျိုက်လိယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ မှကြီးမှူး၍

(လူမျိုး၊ ဘာသာမရွေး) မျက်စိခွဲစိတ်ရန်လိုအပ်နေသူများအား
အခမဲ့ ခွဲစိတ်ကုသပေးနေပါသည်။

နေရာ ➢ မေတ္တာဆေးခန်း (အဘွားများသုခရိပ်သာ)
အမှတ် ၁၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။
အချိန် ➢ အပတ်စဉ်ကြာသပတေးနေ့ ၂း၀၀ နာရီမှ စတင်စမ်းသပ်ကုသပေးပါသည်။
ဖုန်း ➢ ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၅၄၂၅၉၀

## The YANGON DIRECTORY



# စက်တင်ဘာလမကုန်ခင်
# အခွင့်အရေးကို
# ရယူလိုက်ပါ

ရန်ကုန်လမ်းညွှန် The YANGON DIRECTORY 2018
ဘာပဲလိုလို Everything U Need
PRINT WWW APP
www.yangondirectory.com
Sales Hotline
09-448001662

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စိန်စိန်
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ အဆင့်မြင့်ပညာဦးစီးဌာန**
**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင်**
**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အေဝမ်းခြံ၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ်(၅၄)နေ ဒေါ်စိန်စိန် အသက်(၈၇)နှစ် (ညွှန်ကြားရေးမှူး-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင်)သည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စိန်စိန်
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင်**
**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ အေဝမ်းခြံ၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ်(၅၄-အေ/၅၅)နေ ဒေါ်စိန်စိန်(မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင်၊ ညွှန်ကြားရေးမှူး-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မော်ကွန်းထိန်း၊ ရန်ကုန်တက္ကသိုလ်)သည် ၁၇-၉-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့**

### ဒေါ်မြသီသိန်း (၆၆)နှစ်
**(အထက်တန်းပြ/ငြိမ်း)**
**အထက(၃)ဗိုလ်တထောင်**
**Brown Academy(ကိုယ်ပိုင်ကျောင်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ (၁၅၉/၁၆၁)၊ ခုနစ်လွှာ)နေ (ဦးကျော်သိန်း-ဒေါ်မြင့်သက်တင်)တို့၏ သမီးလတ်၊ ဒေါ်ရင်မော်သိန်း-ဦးရန်နိုင်ဝင်းအုန်း၊ ဦးမြင့်သိန်းဦး တို့၏ညီမ၊ ဒေါ်အေးကြူသိန်း-ဦးမြင့်ဦး၊ ဦးဇော်သိန်း-ဒေါ်ရီရီစိုးတို့၏ အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ် ဒေါ်မြသီသိန်းသည် ၁၆-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်လွှာ

၁၁-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားသော ဦးအေးအောင် (အကောက်ခွန်ဦးစီးအရာရှိ၊ စ-စ-ရ/ရှိ-ငြိမ်း၊ ဘူမိဗေဒ) (၈၁)၏ ဈာပနအခမ်းအနား ပြီးဆုံးသည်အထိ စေတနာမေတ္တာဖြင့် အားပေးကူညီစောင့်ရှောက်ပေးခဲ့ကြသော ကန်ဦးကျောင်းဆရာတော်ကြီးနှင့် ပညာဝိမုတ္တိ ဓမ္မမိတ်ဆွေများ၊ အကောက်ခွန်ဦးစီးဌာနမှ ဆရာသမားသူငယ်ချင်းများ၊ ဘူမိဗေဒ (၈၁)မှ ဆရာကြီး၊ ဆရာမကြီးများနှင့် သူငယ်ချင်းများ “အ”သုံးလုံးမှ သူငယ်ချင်း များနှင့် မိတ်ဆွေများ၊ ကန်တော်ကြီးတာဝါမှ မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများနှင့် ရပ်ဝေးရပ်နီးမှ ဖုန်း၊ Email၊ Facebook၊ Messenger တို့ဖြင့် အားပေးကြသော မိတ်ဆွေသူငယ်ချင်းများနှင့် ရက်လည်ဆွမ်းအတွက် ဝိုင်းဝန်းလှူဒါန်း ကူညီလုပ်ကိုင် ပေးကြသော မိတ်ဆွေသူငယ်ချင်းများ၊ Feel Restaurantမှ သူငယ်ချင်းများအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ရွှေ (ရေနံချောင်းမြို့)
**အသက်(၈၉)နှစ်**

ဒေါ်မြင့်မြင့်ဦး၊ ဦးနေဝင်း-ဒေါ်တင်တင်ဝင်း၊ ဗိုလ်မှူးကြီး အုန်းမြင့်(ငြိမ်း)၊ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)-မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန-ဒေါ်ဝင်းဝင်းဆွေ၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)-ဒေါ်ခင်အေးမြင့်၊ ဦးအောင်ဌေး (လက်ထောက်စက်ရုံမှူး)-ဒေါ်ခင်အေးမော် (အလုပ်ရုံခွဲမှူး၊ မင်းဘူး ဓာတ်ငွေ့ရည်စက်ရုံ)၊ ဗိုလ်မှူးနိုင်ဝင်း(ငြိမ်း) (ဒုတိယအထွေထွေမန်နေဂျာ(စီမံ) YESC)-ဒေါ်ဥမ္မာထွန်း၊ ဒေါ်ခင်ထားလွင်၊ ဒေါ်ဖြူဖြူအောင် (ဦးစီးအရာရှိ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန)တို့၏ ကျေးဇူးရှင် မွေးသမိခင် ဒေါ်ခင်ရွှေသည် ၁၆-၉-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဝင်း-ဒေါ်ခင်လှိုင်မြင့်**
**(ရွှေမန်းတောင် တိုင်းရင်းဆေးမိသားစု-ရန်ကုန်မြို့)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး**

### ဒေါ်ကျင်ဝိုး(ခ)ဒေါ်မြတ်မြတ်သန်း
**အသက် (၇၇) နှစ်**

**သုစိတ္တဆန်စက်၊ ခနသုခဗလဆန်စက်၊ ဘိုကလေးမြို့**

ချစ်ခင်လေးစားရပါသော အန်တီ ဒေါ်ကျင်ဝိုးသည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့)တွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သမာဓိမိသားစု(ဘိုကလေးမြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းကြည်
**အသက် (၈၈) နှစ်**

ဦးထွန်းဇော်(ဦးစီးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်)၏ဖခင်ဖြစ်သူ ဦးထွန်းကြည် အသက်(၈၈)နှစ်သည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်စောနိုင်
**အသက် (၇၈) နှစ်**

သူငယ်ချင်းဖြစ်သူ သက်နိုင်(ဒဂုံ-၁)၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်စောနိုင် အသက် (၇၈)နှစ်သည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အန်တီကောင်းရာသုဂတိသို့ ရောက်ပါစေ။

**အ. ထ. က(၁) ဒဂုံ-တန်းခွဲ(D)မှ**
**ငယ်သူငယ်ချင်းများ(၁၉၇၂-၇၇)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ဝင်းကြည် (ညွှန်ကြားရေးမှူး-ငြိမ်း)
**T.S.C စက်မှု (၂)**
**အသက်(၇၅)နှစ်**

မိဘသဖွယ် ရိုသေလေးစားရပါသော ဒေါ်ခင်ဝင်းကြည် ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ၁၅-၉-၂၀၁၈ (စနေနေ့) ညနေ ၅း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**“ဇော်ထက်ပိုင်” အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**“စိန်ရွှေထိပ်တန်း” အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်**
**“ချမ်းမြေ့မေတ္တာ” အထူးကုဆေးရုံ (သန်လျင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ဝင်းကြည် (ညွှန်ကြားရေးမှူး-ငြိမ်း)
**စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စံပယ်လမ်း၊ အမှတ်(၂၉/၄၁)နေ (ဦးကျော်ညွန့်-ဒေါ်စောညွန့်)တို့၏သမီးကြီး၊ ဦးစံဝင်း (ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန)၏ဇနီး ဒေါ်ခင်ဝင်းကြည် (ညွှန်ကြားရေးမှူး-ငြိမ်း) သည် ၁၅-၉-၂၀၁၈ (စနေနေ့) ညနေ ၅း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**“ချမ်းမြေ့မေတ္တာ” အထူးကုဆေးရုံ (သန်လျင်)**
**“ဇော်ထက်ပိုင်” အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**“စိန်ရွှေထိပ်တန်း” အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်**

### ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(ဖအောင်ဝဲ) နဝမတန်းမှ မဟေမာန်ဦး၏ဖခင် အမည်မှန်မှာ ဦးအောင်ဇော်ဦး [၇/ဒဥန (နိုင်) ၁၂၈၉၆၃] ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်ဦး**

### အမည်ပြောင်း

ဒိုက်ဦး၊ အထက(၂) ဒသမတန်းမှ ဦးသန်းထွန်းဦး [၇/ဒဥန (နိုင်) ၀၀၅၉၁၇]၏သမီး မဖြူစင်သန်းထွန်းအား မသွင်ထူးခွန်းချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသွင်ထူးခွန်းချို**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၁၄၇)၊ ဧရိယာ (၄၀×၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၁၄၇)ဟုခေါ်တွင်သော နေအိမ် အဆောက်အအုံနှင့်တကွ တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို ဒေါ်ချယ်ရီအောင်ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး အထူးကိုယ်စားလှယ်ရရှိသူ ဦးမင်းနိုင် [၆/ကသန(နိုင်)၀၀၃၄၅၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇) B.Sc, Hon(IC), HGP, R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294866, HP:09-5017044**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တကောဝိဒ (စာချ)
**သိက္ခာတော်(၃၈)ဝါ၊ သက်တော်(၅၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ အတုလမာရ်အောင် စာသင်တိုက်၏ စာချဆရာတော် ဘဒ္ဒန္တကောဝိဒသည် (၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်)၊ ၁၇-၉-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)၊ ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ
အတုလမာရ်အောင်ကျောင်းတိုက်

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယိကာမကြီး**
### ဒေါ်ကျင်ဝိုး(ခ)ဒေါ်မြတ်မြတ်သန်း
**အသက်(၇၇)နှစ်**
**(သုစိတ္တ ဆန်စက်၊ ခနသုခ ဗလ ဆန်စက်)**
**ဘိုကလေးမြို့**

ဘိုကလေးမြို့နေ(ဦးဖိုက်-ဒေါ်နှင်းမြိုင်)တို့၏သမီးကြီး၊ (ဦးငြိမ်း-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ ခြံအမှတ်(၇)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်နေ [ဦးသိန်းထွန်း(ခ)ဦးပြန့်ကီ]၏ချစ်လှစွာသောဇနီး၊ ဒေါ်ချိုချိုနိုင် (ကျော်ကြားပွဲရုံ)၊ ဦးဘုန်းဇော်(ဘောဂ သုခ ဗလ ဆန်စက် လိုင်သာယာ)၊ ဦးကိုကိုနိုင်(ခ)ဦးဖိုးကျော်(နဒီထွန်းရေယာဉ်)၊ ဦးဝင်းခင်-ဒေါ်မိုးသီတာပုလဲထွန်း(ရွှေလဝင်း ဆန်ပွဲရုံ ဘုရင့်နောင်)၊ ဦးကျော်သူရ(စိန်ရတီ၊ အောင်ဖြိုး၂ရေယာဉ်)-ဒေါ်ခင်သီတာအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မဆုရွှေရည်၊ မောင်လင်းသန့်အောင် (VIIA၊ အထက-၁၊ ဒဂုံ)၊ မဇင်ဖြူဖြူထက်(VIA၊ အထက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသော အန်းမကြီး ဒေါ်ကျင်ဝိုး(ခ)ဒေါ်မြတ်မြတ်သန်းသည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈(ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဘိုကလေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကျင်ဝိုး(ခ)ဒေါ်မြတ်မြတ်သန်း
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၇)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးသိန်းထွန်း(ခ)ဦးပြန့်ကီ)၏ ဇနီး၊ မချိုချိုနိုင်၊ ကိုဘုန်းဇော်၊ ကိုကိုနိုင်၊ ဦးဝင်းခင်-မမိုးသီတာပုလဲထွန်း၊ ဦးကျော်သူရ-မခင်သီတာအောင် တို့၏ မိခင်ကြီး ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မိခင်ကြီး ဒေါ်ငေါ်နှင့်**
**အောင်စကြာပွဲရုံ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်း-ဒေါ်တင်မို့မို့လွင်တို့၏တစ်ဦးတည်းသော သမီးလေး ညို့ဖူးမျက်သွယ် (ခ) ဖူးဖူး (Y.I.S Grade-11) ရုတ်တရက်ကွယ်လွန်သွားပါ၍ အထူး(အထူး)ဝမ်းနည်းကြေကွဲရပါတယ်။ သမီးလေးကောင်းရာသုဂတိရောက်ပါစေ။

**ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်တိုင်မိမိ၊ ဒေါ်မာလာရီ၊**
**ဒေါ်မြမြစိန်၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ခင်ခင်ထွေး၊**
**ဒေါ်ဘုတ်ဘုတ်၊ ဒေါ်မိုးမိုးဦး၊ ဒေါ်ဆိုဖီ၊**
**ဦးလှမြင့်၊ ကိုဇေယျာ-မပြည့်ပြည့်**

## အထူးကျေးဇူးတင်ရှိခြင်း

ရှေးဦးစွာဖဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ၁၀-၉-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော မိခင် နော်အဲလစ္စဘက်ခါး၏ ဈာပနတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီသော အောက်ပါဂုဏ်သရေရှိလူကြီးမင်းများဖြစ်သော ဦးတေဇ (ဥက္ကဋ္ဌ-Htoo Group of Companies)၊ ဦးပြည့်ဖြိုးတေဇ(ဥက္ကဋ္ဌ၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း)၊ YUFC မှအသင်းတာဝန်ရှိသူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ တာဝန်ရှိသူများအားလုံး ၊ ကရင်နှစ်ခြင်းဓမ္မတက္ကသိုလ်မှ တာဝန်ရှိသူများအားလုံး၊ ကရင်နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်ဆေးရုံမှ တာဝန်ရှိသူများအားလုံး၊ တောင်ငူပကူးသာသနာနယ်မှ တာဝန်ရှိသူများအားလုံး၊ ပကူးမြို့မနှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများအားလုံး၊ လာရောက်ကူညီပေးသော ဓမ္မအမှုတော်ဆောင်များအားလုံးနှင့် ရပ်နီးရပ်ဝေး၌ရှိသော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

၂၈-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ပါမောက္ခ ဒေါက်တာ ဒေါ်အေးသောင်း [ဘူမိဗေဒဌာန-ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်]၏ မကျန်းမာစဉ်တွင် မေတ္တာ စေတနာ အပြည့်ဖြင့် ကုသပေးပါသော မြောက်ဥက္ကလာ ပြည်သူ့ဆေးရုံကြီးမှ အထူးကုသမားတော်ကြီးများနှင့် ဆရာဝန်၊ ဆရာ၊ ဆရာမများ၊ ICU ဌာနမှ အထူးကုသမားတော်ကြီးများနှင့်ဆရာဝန်၊ ဆရာ၊ ဆရာမများ၊ မေတ္တာစေတနာအပြည့်ဖြင့် အားပေးစောင့်ရှောက်ကူညီခဲ့ကြပါသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဘူမိဗေဒဌာနမှ ဆရာကြီး၊ ဆရာမကြီးများ၊ နေမကောင်းဖြစ်စဉ်မှစ၍ နာရေးပြီးဆုံးချိန်ထိ အစစအရာရာ စေတနာအပြည့်အဝနှင့် ကူညီစောင့်ရှောက်ပေးပါသော ၈၂ခုနှစ် ဘူမိဗေဒကျောင်းနေဖက်သူငယ်ချင်းများ၊ ဒေါက်တာစိုးမိုးလွင်နှင့် ကျောင်းသား၊ ကျောင်းသူများ၊ မွန်ပြည်နယ်၊ မုဒုံမြို့ ညောင်ကုန်းကျေးရွာမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ဖုန်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းအားပေးကြသော မိတ်ဆွေသူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးလှူဒါန်းပေးခဲ့ကြပါသော မိတ်ဆွေသူငယ်ချင်းများ၊ ဖြူစင်မေတ္တာ နာရေးကူညီမှုအသင်း၊ ရင်တွင်းမေတ္တာနာရေးကူညီမှုအသင်း၊ ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒုတိယဗိုလ်မှူးကြီး ကျော်ညွန့်(ငြိမ်း)

**ကြည်း-၁၅၄၇၃၊ OTS (၅၈)**

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

### အသက် (၆၄) နှစ်

(ဦးလှမောင်-ဒေါ်ခင်ချို)တို့၏သားကြီး၊ (ဦးထွန်းစာ)-ဒေါ်သန်းစိန်တို့၏ သားသမက်၊ (ဦးဝိုင်းမောင်)-ဒေါ်ခင်သန်းနွယ်တို့၏မောင်၊ (ဦးလှညွန့်)-ဒေါ်စန်းစန်းရီ၊ (ဦးအောင်ညိမ်း)၊ ဦးစိုးတင့်၊ ဦးလှကြိုင်တို့၏အစ်ကို၊ မဇင်ဇင်ထွန်း-မောင်စိုင်းသန်းထိုက်၊ မောင်အောင်ဘုန်းကျော်-မထက်ထက်အောင်တို့၏ဖခင်၊ မမေဘုန်းမြင့်မိုရ်၊ မစန္ဒာမြင့်မိုရ်၊ မောင်မြတ်ဘုန်းသီဟတို့၏အဘိုး၊ ဒေါ်သိန်းသိန်းဝင်း၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ကျော်ညွန့်(ငြိမ်း)သည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) ည ၇း၂၇ နာရီတွင် အမှတ် (၉၈၁)၊ အောင်ဘောဂလမ်း၊ (၂၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ကြည်း-၁၅၄၇၃ ဒုတိယဗိုလ်မှူးကြီး ကျော်ညွန့်(ငြိမ်း)

### အသက်(၆၄)နှစ်

**OTS(58)**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး ကျော်ညွန့်(ငြိမ်း)သည် ၁၇-၉-၂၀၁၈ ရက် ည ၇း၂၇ နာရီတွင် အမှတ်(၉၈၁)၊ အောင်ဘောဂလမ်း၊ (၂၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗသက(၅၈)ကျောင်းဆင်းအရာရှိ မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြသီသိန်း

### အသက် (၆၆) နှစ်

**အထက်တန်းပြဆရာမ (ငြိမ်း)**

အထက(၃) ဗိုလ်တထောင်မှ ဆရာမဒေါ်မြသီသိန်းသည် ၁၆-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**မဝင်း၊ ခင်နွဲ့နွဲ့၊ သီသီမွန်၊ မြမြငွေး၊ စုစုမာ၊ ခင်ဝင်းနီ၊ မန်းခင်စိုး၊ ရင်ရင်မြင့်ဦး၊ အေးအေးရှိန်၊ လှယဉ်ကျေး**

**ဘုရား၊ ရဟန်း၊ သိမ်၊ နတ်လမ်း၊ အုတ်တံတိုင်း ဒါယိကာမကြီး**

## ဒေါ်စန်း(ရွှေရင်ကျော်ဆရာမကြီး)

### အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(ခ/၆၆၆)နေ ရွှေရင်ကျော်ဆရာကြီး ဦးသန်းငြိမ်း၏ချစ်လှစွာသောဇနီး ဆရာမကြီး ဒေါ်စန်းသည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယကာကြီး**

## ခေါ့ဟုတ်ဝမ်(ခ)ဦးဟုတ်ဝမ်

**(လှည်းတန်းဈေး)**

### အသက် (၅၆) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း ပေ(၅၀)လမ်း၊ အမှတ်(၂၁)၊ ပထမထပ်နေ (ဦးခွေး-ဒေါ်ကြင်ငွေ)တို့၏သားကြီး၊ (ဦးတိန်ဝှီး-ဒေါ်ရင်ရင်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဟုတ်စိန်-ဒေါ်ကြည်ကြည်စန်း၊ ဦးကျော်ကျော်၊ ဦးဟုတ်အောင်-ဒေါ်နီနီထွန်း၊ (ဒေါ်တင်တင်)၊ ဒေါ်အေးအေးထွေးတို့၏အစ်ကိုကြီး၊ မမို့မို့သော် (Assistant Teacher, NELC)၊ မောင်ကျော်သူရ (3rd Year, Yangon University of Economics)၊ မကြည်စင်သော်(Grade-10, TTC)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၂း၁၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါက်တာ ဘီဒေါင်ဟောင်း

**(နမ့်ခမ်း)**

**(M.B,B.S)Mdy**

### အသက်(၅၂)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ တောင်ခြေလမ်း၊ အမှတ် (၁၇၀)နေ ဦးဘီခေါင်ဒေါင်-(ဒေါ်ချစ်ဦး)တို့၏ တတိယသား၊ အခန်း(၄၀၇/အေ)၊ ရွှေဂုဏ်သူအိမ်ရာ၊ ကြည့်မြင်တိုင်နေ မဘီဟောင်းနော်ဖြူ၊ မဘီဟောင်းနန်းရှမ်၊ မဘီဟောင်းညွှယ်ဖူးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်နူးဒင်၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာဘီဒေါင်ဟောင်းသည် ၁၇-၉-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် နမ့်ခမ်းပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အုပ်ခွဲတပ်ကြပ်ကြီး/၂၁ ဇော်မင်းညွန့်

**ကပအမ-၂၃၁၂၈**

**(ရေတပ်ပင်မတိုင်းတာရေးတပ်)**

### အသက် (၅၁) နှစ်

မော်လမြိုင်မြို့၊ မုပွန်ရပ်၊ ဇီဇဝါလမ်း၊ အမှတ်(၃၂)နေ [ဦးကျော်ညွန့် (တကက-ငြိမ်း၊ ရေ)]-ဒေါ်ချိုချိုတို့၏ သားကြီး၊ (ဒေါ်ဆွေဆွေညွန့်)၊ ဦးသူရညွန့်၊ ဦးကျော်သူရတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့နေ ဦးခင်မောင်ကျော်-ဒေါ်မြင့်မြင့်သန်းတို့၏ညီ၊ ဦးခင်မောင်သန်း (မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ ဒေါ်တင်တင်ညို(ဒု-ဦးစီးမှူး၊ ကာယ၊ ရန်ကုန်တိုင်းပညာရေးမှူးရုံး)၊ ဦးအေးလွင်(အရာခံဗိုလ်/ငြိမ်း၊ ရေ)-ဒေါ်ခင်မြတ်မိုးတို့၏ မောင်၊ ဦးထွန်းလွင်၊ ဒေါ်သင်းသင်းလှိုင်တို့၏ညီ၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်မြသဲဖြူ (Supervisor, Premier Co.,Ltd)တို့၏ ဦးလေး၊ ဗိုလ်တထောင်မြို့နယ်၊ သံလျက်စွန်း၊ ရေတပ်အိမ်ထောင်သည်ရိပ်သာ၊ ကံ့ကော်လိုင်း၊ အခန်း(၂)နေ မမြတ်နိုးခင် (KMD၊ ပုဇွန်တောင်)၏ဖခင်၊ ဒေါ်ခင်မမ၏ချစ်လှစွာ သောခင်ပွန်းသည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) ည ၉း၂၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်လိုင်းခန်းသို့ ရက်လည်ဆွမ်းကျွေးတရားတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဝဏ္ဏကျော်ထင် ဦးခင်ဝင်း

**ဒုတိယစာရင်းစစ်ချုပ်(ငြိမ်း)၊ ညွှန်ကြားရေးမှူး-ငြိမ်း၊ (ကက-ငွေ)**

### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၆၀)၊ အရှေ့ကြို့ကုန်း (၇)လမ်း(မြောက်)နေ ဗိုလ်ကြီးမျိုးဇော်ဝင်း(ငြိမ်း)(မန်းစည်ပင်)၏ဖခင် ဦးခင်ဝင်းသည် ၁၁-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(OTS 97) သူငယ်ချင်းများ**

## ဦးစန်းဟိန်း(တကကာ-ငြိမ်း)

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်အုန်းရှင်)တို့၏ သား၊ လှိုင်မြို့နယ်နေ (ဦးခင်မောင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဦးမြင့်သိန်း)-ဒေါ်ခင်သန်းဝင်း၊ ဦးအောင်မြင့်-ဒေါ်ခင်အေးမူတို့၏ ညီ/မောင်၊ ဦးအောင်သာကျော်-(ဒေါ်ခင်စိန်မြင့်)၊ (ဗိုလ်ကြီးထွန်းလှကျော်)-ဒေါ်စောခိုင်၊ ဦးစန္ဒိမာ၊ ဒေါ်စန်းစန်းအေး၊ ဒေါ်မြရင်၊ ဦးဟိုပိုချင်း-ဒေါ်ဂျူးဂျူး(ခေတ္တ-စင်ကာပူ)၊ (ဦးချစ်ကိုကို)-ဒေါ်သန်းသန်းငွေ၊ ဦးစန်းကိုကို-ဒေါ်ငြိမ်းငြိမ်းအေး၊ (ဦးဇော်ထွန်းသောင်း)-ဒေါ်ထွေးထွေးမြင့်တို့၏ အစ်ကိုကြီး၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေး၊ မသီတာစန်း (Concorde Industries Ltd.)၊ ကိုရန်နိုင်ဟိန်း [သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)]တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ (၅၁)လမ်း၊ အမှတ်(၃၆)နေ ဒေါ်စိန်မြင့် (မ/၉၊ လှိုင်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် အထက်ပါဒေါ်စိန်မြင့်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်ခင်ထွေး (မော်လမြိုင်)

### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၅၁)၊ (၁၁၉)လမ်းနေ ဦးသန်းလှိုင်(တက္ကသိုလ်သခ်ၤ) (စာတည်းမှူး-ငြိမ်း၊ ပြန်/ဆက်)၏ချစ်လှစွာသောဇနီး၊ ဦးစိုးမိုးလှိုင်၊ ဒေါ်ရင်မြင့်၊ ဦးဝင်းဗိုလ်၊ ဒေါ်သူဇာလှိုင်၊ ဦးကျော်စိုးလှိုင်၊ ဒေါ်မြမြထွန်း(လ/ထညွှန်မှူး၊ အခွန်ဦးစီးမှူး)၊ ဒေါ်ခင်ဝါလှိုင်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်ထွေးသည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၁၃၅)၊ ပုသိမ်မြေ(၅)လမ်း၊ ဒေါပုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဒုရဲမှူး ဦးစိုးဝင်း (ငြိမ်း)

**လ-၅၈၂၅၇၊ အပတ်စဉ်(၁၂)**

**မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ယောဂီ**

### အသက် (၆၉) နှစ်

(ဦးကြည်-ဒေါ်သန်းမြင့်)တို့၏သား၊ (ဦးထွန်းလူ)-ဒေါ်ကြင်တို့၏ သားသမက်၊ (ဦးစိုးသိန်း)-ဒေါ်ခင်အုန်းမြင့်၊ ဦးစိုးငြိမ်း-ဒေါ်လှလှဝင်းတို့၏ညီ၊ ကိုတင်ယု-မငယ်တို့၏အစ်ကို၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ တိုက်(၆၀)နေ ဒေါ်အုန်းမြင့်၏ခင်ပွန်း၊ ကိုအောင်ထွန်းဝင်း-မဂ္ဂမ်းနုဖြူ (ဟိန်းအထွေထွေကွန်ကရစ်လုပ်ငန်း-တံတားဖြူ)တို့၏ဖခင်၊ မောင်ရဲဘုန်းမြတ်၊ မကြည်စင်ဖွေးသန့်တို့၏ ချစ်လှစွာသောအဘိုး ဦးစိုးဝင်းသည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၀၀း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စိန်စိန် (၈၇)နှစ်

**နာယကကြီး၊ မြန်မာနိုင်ငံ မနုဿဗေဒအသင်း**

**အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့**

**မော်ကွန်းထိန်း(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အဆင့်မြင့်ပညာဦးစီးဌာန**

**ဂုဏ်ထူးဆောင်ပါမောက္ခ(ငြိမ်း)၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

ဆရာမကြီး ဒေါ်စိန်စိန် သည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) ညနေတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**
**မနုဿဗေဒဌာန၊ ဒဂုံတက္ကသိုလ်**
**မနုဿဗေဒဌာန၊ မန္တလေးတက္ကသိုလ်**
**မနုဿဗေဒဌာန၊ ရတနာပုံတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဟန်စိန်(ခ)ဦးကိုလေး

### အသက်(၇၉)နှစ်

ဒုတိယဗိုလ်မှူးကြီးဇော်လွင်(ငြိမ်း)-ဒေါ်သီတာရွှေ တို့၏ ဖခင်ဖြစ်သူ ဦးဟန်စိန်(ခ)ဦးကိုလေးသည် ၁၈-၉-၂၀၁၈ ရက် နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်း၊ မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သခ်ၤ)၏ဇနီးဖြစ်သူ ဒေါ်ခင်ထွေး အသက်(၇၁)နှစ် သည် ၁၇-၉-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နှင်းရီ

### အသက်(၈၉)နှစ်

**နမ္မတူ (ဘော်တွင်း)မိုင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇၄/၅-ခ)၊ ငါးလွှာ၊ (၉)ရပ်ကွက်နေ (ဦးထွန်းရ)၏ဇနီး၊ ဒေါ်နှင်းကြည်(ကျောက်ဆည်)၏အစ်မ၊ (ဦးမှိ)-ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ပြုံး၊ [ဦးတင်ထွန်း(ခ)ကိုဖိုးတုတ်]-ဒေါ်အေးအေးမြင့်၊ဦးအောင်ကျော်ဦး(ခ)ဦးအောင်ပြည့်ဖြိုး-ဒေါ်အေးအေးဝင်း၊ ဦးထွန်းထွန်းထွေးတို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၂၃ ယောက်၊ တီ တစ်ယောက်တို့၏အဘွား ဒေါ်နှင်းရီသည် ၁၇-၉-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန်

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အမှတ်(၁၀)၊ ဘုရင့်နောင်လမ်း၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာနေ (ဦးဘသိန်း-ဒေါ်အေးရှင်)တို့၏သမီး၊ (ဦးဘဂွမ်း-ဒေါ်ခင်မမ)တို့၏သမီးချွေးမ၊ [ဦးစံအေး(စက်မှု-၁၊ ငြိမ်း)]၏ဇနီး၊ ဦးအောင်မင်းဦး(ခ) ဆရာဦးသားကြီး၊ ဦးညိုဝင်း-ဒေါ်သန်းသန်းရီ၊ ဒေါ်ချိုပြုံးအေး(ကျန်း/ဦးစီး-ငြိမ်း)တို့၏မိခင်၊ ကိုဖြိုးကိုကို-မဝါဝါခင်၊ ကိုအောင်ကျော်ဇင်-မဖြူဝင်းသန့်၊ ကိုထိန်လင်းကျော်-မဇင်သူငွေးတို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွား ဒေါ်သန်းစိန်သည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) ည ၈ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဦးဖိုးဒင်

**(ပုလော/ကျောက္ကာ)**

### အသက်(၇၁)နှစ်

**အသင်းဝင်အမှတ်-၁၁၀၅**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာကျေးရွာ (၄)ရပ်ကွက်နေ ဒေါ်တင်ဆန်း၏ ခင်ပွန်းသည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ကျောက္ကာကျေးရွာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စုစုမေ

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်(B)၊ အခန်း(၁၀၁)နေ ဦးအတတ်-ဒေါ်ကြည်တို့၏ သမီး၊ ဦးဇော်မျိုးဦး- Dr. ကြည်ကြည်ဟန်၊ ဦးအောင်ကျော်မြင့်၊ ဒေါ်မြတ်စုဝင်း၊ ဦးဟိန်းသူဝင်း-ဒေါ်ကေဇင်ဖြိုးတို့၏ မိခင်၊ မြေးနှစ်ယောက်၏ အဘွား၊ ဒု-ဗိုလ်မှူးကြီးကြည်ဝင်းဦး (ငြိမ်း)၊ ဒု-ဦးဆောင်ညွှန်ကြားရေးမှူး ပဆင(ငြိမ်း)၏ ဇနီး ဒေါ်စုစုမေသည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေး (ထားဝယ်)

### အသက် (၉၇) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကျောက်မြောင်းကျေးရွာနေ (ဦးအေးခိုင်-ဒေါ်ကျွမ်းဆွေ)တို့၏ တစ်ဦးတည်းသောသမီး၊ အမှတ်(၁၈/က)၊ မြင်သာ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဟန်မြင့်-ဒေါ်အေးကြည်)တို့၏မိခင်၊ ဦးမြင့်မော်ဦး၊ ဒေါ်တင်တင်သော်(ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးဝင်းထွန်းဦးတို့၏ အဘွားသည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၁၈/က)၊ မြင်သာ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်း

**တာပွန်၊ နတ်တလင်း**

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ်(၆၂)နေ (ဦးအုန်းဟန်)၏ ဇနီး၊ ဦးစိန်လှိုင်(ဗဟိုဘဏ်၊ ဦးစီးအရာရှိ၊ ငြိမ်း)-ဒေါ်အေးသန်း(ကြည့်မြင်တိုင်ညဈေး)၊ ဒေါ်သန်းမြင့်(တာပွန်)၊ ဦးခင်မောင်ဝင်း(ညွှန်မှူး-ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်း(အထကပြ-ငြိမ်း)၊ ဦးဇော်ထွန်း-ဒေါ်ကြည်သန်း၊ ဦးကျော်ကျော်မိုး-ဒေါ်မြမြငွေးတို့၏မိခင်ကြီး၊ Dr.ဧကေရီစိုး၊ မောင်မင်းသစ္စာရှင် (ရေကျောင်း)၊ မထက်မြက်သီရိ (ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်)၊ မောင်ကျော်သက်ပိုင် (အထက-၁၊ ကြည့်မြင်တိုင်)တို့၏ အဘွားသည် ၁၇-၉-၂၀၁၈ (တနင်္လာနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ဆွဲမိ (ရေဦးမြို့)

### အသက် (၉၃) နှစ်

ရေဦးမြို့နေ (ဆရာကြီးဦးပု)၏ဇနီး၊ ဗိုလ်မှူးမောင်ဦး(ငြိမ်း)-ဒေါ်ခင်ကြူကြူ၊ (ဦးသောင်းရှိန်)-ဒေါ်ဟန်၊ ဦးညွန့်၊ (ဦးကျော်ဦး)-ဒေါ်စံပို (SAT-ငြိမ်း၊ အထက-၂၊ ရေဦး)၊ ဗိုလ်မှူးကြီးဝင်းတည်(ငြိမ်း)-ဒေါ်နုနု(SAT,T.T.C)တို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခုနစ် ယောက်တို့၏အဘွား ဒေါ်ဆွဲမိသည် ၁၈-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဦးမြို့သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်း

### အသက်(၉၀)

ရန်ကုန်မြို့၊ FMI City၊ မင်္ဂလာ(၁)လမ်း၊ ခြံအမှတ်(K-15)၊ အမှတ်တရစံအိမ်နေ (ဦးကြီးစိန်-ဒေါ်ကျင်မှိန်)တို့၏ သမီး၊ (ဦးညွန့်လွင်)၏ ချစ်ဇနီး၊ ဒေါ်ဆွေညွန့်လွင် (ဓာတုဗေဒ)၊ ဒေါက်တာဆုညွန့်လွင်၊ ဒေါက်တာမိုယ်းညွန့်လွင် (ဒု-ညွှန်မှူးငြိမ်း-မွေးကုဦးစီး)၊ ဒေါ်မင်းညွန့်လွင် (Advisory Engineer - Global Foundry, USA)၊ ဒေါက်တာလင်းညွန့်လွင် (ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး(USA))-ဒေါက်တာ Peter အောင်မင်း (Intensive Care Specialist-USA)တို့၏ ချစ်လှစွာသော မာမား၊ သုသစ္စာအောင် @ Genebelle Mynn ၏ ချစ်လှစွာသောဘွားဘွား ဒေါ်ခင်ဝင်းသည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးဟန်စိန်(ခ)ဦးကိုလေး

### အသက်(၇၉)နှစ်

**ပေါက်ခေါင်းမြို့**

ပေါက်ခေါင်းမြို့၊ (၂)ရပ်ကွက်နေ ဒေါ်လေးတင် ၏ ခင်ပွန်း၊ ဦးဇော်လွင်-ဒေါ်သီတာရွှေ၊ ဒေါ်စုလေးရီ၊ ဦးဝင်းကျော်မိုး-ဒေါ်ဖြူဖြူဟန်၊ ဦးဟန်ဇော်လင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မဧကေရီမင်း၊ မအင်ကြင်းစံ၊ မောင်ကောင်းမြတ်မင်းတို့၏ အဘိုး ဦးဟန်စိန်(ခ)ဦးကိုလေးသည် ၁၈-၉-၂၀၁၈ ရက် ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ပေါက်ခေါင်းမြို့၊ သရက်တောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကြည်ဝင်း(ခ)အတယ်ကြီး (မော်ကျွန်း)

**MGC ဂေါက်ကလပ် (၉)မိုင်**

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၆)၊ ကွင်းကျောင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေ (ဦးယုမေ-ဒေါ်မြကျင်)တို့၏သား၊ ဒေါ်ကျင်သိန်း(ခ)ဒေါ်မို့မို့ခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးငွေးဝင်း-ဒေါ်ငွေးရီ၊ ဦးစိုးညွန့်-ဒေါ်အေးသိန်း၊ ဦးချို-ဒေါ်စန်းစန်းဦး၊ ဦးဇော်မင်း-(ဒေါ်စန်းစန်းမော်)၊ ဦးစိုးစိုး-ဒေါ်ကြည်ကြည်စန်း၊ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်အေးအေးမော်တို့၏ အစ်ကိုကြီး၊ ဦးအောင်ကြည်ညွန့်-ဒေါ်နီနီမြင့်၊ ဦးအေးမင်း-ဒေါ်ခင်မေသူဝင်း၊ ဒေါ်ဆွေဆွေမြင့်၊ ဦးဇေယျာမြင့်၊ ဦးကျော်ဘိုဘိုလတ်-ဒေါ်မေစီမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၈-၉-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်လှ

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အနောက်ဗဟိုလမ်း၊ အမှတ်(၂၄)၊ ပထမထပ်နေ ဦးလှမောင်၏ဇနီး၊ ဦးနန်းလွင်-ဒေါ်စန်းစန်းရီ၊ ဦးမျိုးညွန့်-ဒေါ်ဝေဝေမာ၊ ဦးမျိုးမြင့်-ဒေါ်သင်းသင်းစိန်၊ ဦးစိုးမြင့်-ဒေါ်မျိုးမျိုးသန့်၊ ဦးမျိုးမြင့်သိန်း-ဒေါ်နွယ်နွယ်ဝင်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၈-၉-၂၀၁၈(အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မိသားစုများ၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ရေဆင်းဆည်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ၂၀၁၈ ခုနှစ် တတိယအကြိမ်မြောက် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်စိုက်ပျိုးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) ရုံး/ဌာန အသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာတန်းဝင် ပျဉ်းကတိုးပင်အား စိုက်ပျိုးပေးစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မြန်မာ့ကမ်းရိုးတန်းအနီးတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီး ပိုမိုအားကောင်းလာကာ နောက် ၃၆ နာရီအတွင်း မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ဆီမီးဖိုင်နယ်တွင် ရန်ကုန်အသင်း အနိုင်ရ



ရန်ကုန်တိုက်စစ်မှူး ဆယ်လာ၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မကွေးဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ (ပထမနေ့)ကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ ရန်ကုန်အသင်း အနိုင်ရခဲ့သည်။ ယခုပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**ရန်ကုန်အသင်း - တစ်ဂိုး**

**မကွေးအသင်း - ဂိုးမရှိ**

ယခုရာသီတွင် ဖလားနှစ်လုံး လမ်းကြောင်းပေါ်၌ ရှိနေသည့် ရန်ကုန်အသင်းသည် ဆီမီးဖိုင်နယ် ပထမအကျော့တွင် မကွေးအသင်းကို အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရောက်ခွင့်ရရန် နီးစပ်သွားခဲ့သည်။ သို့သော် မကွေးအသင်းမှာလည်း အဝေးကွင်း၌ တစ်ဂိုးဖြင့်သာ ကပ်၍ ရှုံးနိမ့်ခဲ့သောကြောင့် မျှော်လင့်ချက်ရှိနေဆဲဖြစ်ပြီး ဒုတိယအကျော့ပွဲမှာ ပိုမိုအကြိတ်အနယ် ဖြစ်ဖွယ်ရှိနေသည်။

ရန်ကုန်အသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို မကွေးအသင်းမှာလည်း ဒဏ်ရာရနေသည့် နန္ဒကျော်မှလွဲ၍ လူစုံအသုံးပြုခဲ့သည်။ ဗိုလ်လုပွဲ

စာမျက်နှာ ၈ ကော်လံ ၅ သို့

## အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ မြန်မာနှင့် မလေးရှား ယနေ့ ကစားမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (င) ကို စက်တင်ဘာ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (င) ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ ညနေ ၄ နာရီခွဲတွင် ဖိလစ်ပိုင်အသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (င) တွင် မလေးရှား၊ ဖိလစ်ပိုင်၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ခြေစစ်ပွဲများကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် မလေးရှား ယူ-၁၆ အမျိုးသမီးအသင်းသည် မေလက ကျင်းပသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် တွေ့ဆုံခဲ့ပြီး မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံးတွင် ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစု ပါဝင်လာမည်ဖြစ်သောကြောင့်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

### မြောက်ကိုရီးယားနှင့် အမေရိကန်ဆွေးနွေးနိုင်ရေး သမ္မတ မွန်း၏ခရီးစဉ် အထောက်အကူပြုမည်ဟု မျှော်လင့်

စာမျက်နှာ » ၁၂



### အမေရိကန်ဒေါ်လာ သုံးသောင်းကျော်ချီးမြှင့်မည့် မြန်မာနိုင်ငံ၏ပထမဆုံးသော အီလက်ထရွန်နစ်ဂိမ်းပြိုင်ပွဲကျင်းပမည်

စာမျက်နှာ » ၁၃

